ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ တနင်္လာနေ့၊ (30-3-2009) (၅၉၉၈)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး ချီးမြှင့်

ရန်ကုန်　　မတ်　　၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် မတ် ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းစောက်ကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိသည်။

ထို့နောက် ကျောင်းဆောင်သစ်အတွင်း၌ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လွှဲပြောင်းပေးအပ်သော သန်လျင်မြို့နယ် ငါးပြေမကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်အတွင်း ပညာ သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

ပဲခူးမြစ်ကူးတံတား(ကဝ)သည် ပဲခူးတိုင်းအတွက် အရေးပါ၊ နိုင်ငံတော်၏ ၂၂၁ စင်းမြောက် တံတားဖြစ် ရန်ကုန်မြို့သို့သွားလိုလျှင် ၃၇ မိုင်ခန့် တိုတောင်းသွားပြီး ပဲခူးမြို့သို့ ကိုးမိုင်ခန့်သက်သာစွာ သွားလာနိုင်မည်

နေပြည်တော်　　မတ်　　၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က ပဲခူးတိုင်း ပဲခူးမြစ်ကိုဖြတ်သန်းပြီး ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ပြီးစီးသွားသော ပဲခူးမြစ်ကူးတံတား (ကဝ) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၇ နာရီတွင် ပဲခူးမြို့နယ် ထုံးကြီးကျေးရွာဘက်ကမ်း အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ပဲခူးမြစ်ကူးတံတား (ကဝ) ကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၀-၃-၂၀၀၉
(တနင်္လာနေ့)

အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန် လမ်းအပိုင်း ဖွင့်လှစ်

နေပြည်တော်ကို ဗဟိုပြု လွယ်ကူစွာသွားလာနိုင်

နိုင်ငံတော်၌ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကုန်စည်ကူးသန်းမှု များပြားလာသည်။ လူဦးရေ တိုးတက်လာခြင်းနှင့် လမ်းမကြီးများတစ်လျှောက်ရှိ မြို့ရွာများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက လမ်း၊ တံတား များစွာကို တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးနေသည်ကို တွေ့ရသည်။

ယင်းသို့လမ်း၊တံတားများ အရှိန်အဟုန်ဖြင့် ဖောက်လုပ်တည်ဆောက်လျက်ရှိရာတွင် မိုင်သုံးရာကျော် ရှည်လျားသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးမြို့တော်များ ဖြစ်သည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အကြား ဆက်သွယ်ထားသော မဟာဗျူဟာလမ်းမကြီး ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း) ကို မတ်လ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ လမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က တာဝန်ယူဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၅ ခုနှစ် ဧပြီလက စတင်၍ အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ရန်ကုန်အမှတ်(၃)လမ်းမကြီးမှ နေပြည်တော်အထိ ၂၀၂ မိုင်ကျော်ကို Two Way, Two Lane ပြီးစီးပြီဖြစ်၍ ပြည်သူများ အသုံးပြုနိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ယခုအခါ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းအပိုင်း)ကို ဖွင့်လှစ်နိုင်သဖြင့် နေပြည်တော်ကို ဗဟိုပြုပြီး မြန်မာနိုင်ငံအထက်ပိုင်းနှင့် တောင်ပိုင်းဒေသများ လွယ်ကူစွာဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ ခရီးသွားချိန်လေးနာရီခန့်ဖြင့် အရောက်သွားလာနိုင်သဖြင့် ဒေသ၏စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက နယ်မြေဒေသတစ်ခုနှင့်တစ်ခု ကူးသန်းဆက်သွယ်သွားလာမှု ချောမွေ့ကောင်းမွန်ရေး၊ တိုင်းရင်းသား ပြည်သူများအကြား ကူးလူးဆက်သွယ်မှု လွယ်ကူစေရေးတို့အတွက် လမ်း၊ တံတားပေါင်း များစွာကို တိုးမြှင့်ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုကို ပိုမိုအကျိုးပြုလာမည်ဖြစ်ပါသည်။ ။

ရန်ကင်းမြို့နယ် အမက(၁)၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ရက်က ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန် (ကျောင်းတွင်း) ပထမဆုရ စတုတ္ထတန်းမှ မောင်အောင်ကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာထွေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

စနစ်တကျကိုင်တွယ် ထုပ်ပိုးရောင်းချစေရေး ကြီးကြပ်ဆောင်ရွက်

ရန်ကုန် မတ် ၂၉

လက်ပံတန်းမြို့ မြို့မဈေးအတွင်းကြက်၊ ဘဲဥနှင့် အသားများ စနစ်တကျကိုင်တွယ်ထုပ်ပိုးရောင်းချစေရေး၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်စေရေး၊ သား၊ ငါး အရောင်းဆိုင်များအား ယင်လုံဆန်ခါဖြင့် ရောင်းချစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့ဝန်ထမ်းများ မတ် ၈ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော ပျိုးဥယျာဉ်ကို စစ်ဆေးရာ အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နွေစပါး စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး တက်ရောက်

နေပြည်တော် မတ် ၂၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၂ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ ဖန်မင်ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူ ဦးအိုက်ကျုံး၏ နွေစပါးစံပြစိုက်ကွင်း၌ကျင်းပသော နွေစပါး စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲအခမ်းအနားသို့တက်ရောက်ပြီး နွေစပါးစံပြစိုက်ကွက်အတွင်း ဒေသခံတောင်သူများ၏ ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းဖုန်းကျေးရွာအုပ်စု ဒေသခံတောင်သူ ဦးစိုင်းကျော်ဝေ၏ ရော်ဘာစိုက်ပျိုးခြံသို့ရောက်ရှိကြပြီး ရော်ဘာခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် အဖွဲ့ဝင်များလိုက်ပါလျက် ဖန်မင်ကျေးရွာအုပ်စု၊ မိုင်းဖုန်းကျေးရွာအုပ်စုနှင့် ဆမ်ဖူးကျေးရွာ၊ ပါဆာကျေးရွာတို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(မန္တလေး)ရုံးခွဲနှင့်

ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၉ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် မတ် ၂၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေး)ရုံးခွဲ အင်ဂျင်နီယာပညာရေး၊ ထုတ်လုပ်မှုနည်းစဉ်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၉ ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌက အင်ဂျင်နီယာပညာရေး၊ ထုတ်လုပ်မှုနည်းစဉ်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့တော်ဝန်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေး)ရုံးခွဲဥက္ကဋ္ဌတို့က အင်ဂျင်နီယာပညာရေး၊ ထုတ်လုပ်မှုနည်းစဉ်နှင့် ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၉ အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့ သည် ၆၈ လမ်း၊ ၇၇ လမ်းနှင့် ၈၇ လမ်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ၏ ရေစီးဆင်းမှုအခြေအနေများကို လည်းကောင်း၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာစီမံကိန်းလုပ်ငန်းခွင်သို့လည်းကောင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ကျေးလက်အိမ်ရာ တည်ထောင်ရေးစီမံချက် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၉

ပဲခူးတိုင်း(အရှေ့)သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းတည်ထောင်ရေးစီမံချက်ပါတစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင် အပင် ၂၀ နှင့် ကျေးရွာပိုင်ထင်းစိုက်ခင်း တစ်ရွာတစ်ဧကစိုက်ပျိုးခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၀၉)ကို မတ် ၂၂ရက် နံနက်၉ နာရီတွင် ပဲခူးတိုင်း(အရှေ့) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဖေသိန်းက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး၊ ပဲခူးတိုင်း(အရှေ့) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်တောရေးရာဝန်ကြီးဌာန သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ (၁/၂၀၀၉) အစည်းအဝေး၌ ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်နှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အာဏာပိုင်အဖွဲ့အစည်းများကထိရောက်လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ကော်မတီဝင်များက ကွင်းဆင်းခရီးစဉ်များတွင် ပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်း ဆောင်ရွက်ရန် စသည်ဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲ ပန်းပုထုပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် မတ် ၂၉

နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် စံပြမယ်ပန်းပုထုပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲကိုရန်ကုန်မြို့၌မတ် ၂၀ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ၌ ကျင်းပသည်။

ပြိုင်ပွဲကို ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဗဟိုသမဝါယမအသင်း လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်တင်နှင့် ပန်းပုပြိုင်ပွဲကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင် (ခ) ပန်းချီလှတင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲအတွက် စည်းကမ်းချက်များကို မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)အတွင်းရေးမှူး ဦးကြည်ဝင်း (တူဒေး)ကရှင်းလင်းပြီး ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် စိုးပြည့်သဇင်အား စံပြမယ်ထား၍ ပန်းပုပညာရှင်အဖွဲ့ပေါင်း ၁၅ ဖွဲ့ နှင့် ပန်းချီပညာရှင်များက ရေးဆွဲကြသည်။ **(အပေါ်ပုံ)** (၅၄၆)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် မတ် ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၂ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း**(အောက်ပုံ)**က မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် ငှက်ဖျားရောဂါဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာဉာဏ်ဆင့်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

သံရုံးတာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်နှင့် ခဲတံများကို ဆရာမနှင့် ကျောင်းသူများထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သန်လျင်မြို့နယ် ငါးပြေမကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဝင်းအတွင်း၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒာထွန်းတို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်

ထို့နောက် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်ထံ ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက ငါးပြေမကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ လဟာရက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ချောင်းစောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတို့၌ ဆောက်လုပ်ထားသော ကျောင်းဆောင်သစ် သုံးဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂရုံးမှ တာဝန်ရှိသူတို့က ကွန်ပျူတာသုံးလုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များ၊ စာသင်ခုံနှင့် ထိုင်ခုံ အစုံ ၅၀ တို့ကို ငါးပြေမကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ပညာရေးမှူး ဦးအာရ်မြလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်သစ်အတွင်း၌ ကျောင်းသား၊ ကျောင်းသူလေးများ ပညာသင်ယူမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါလွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ် သုံးဆောင်ကို ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး အလျား ပေ ၄၀၊ အနံပေ ၃၀ ရှိကာ Steel Structure တစ်ထပ်အဆောက်အအုံဖြစ်သည်။ (သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ပဲခူးမြစ်ကူးတံတား(ကဝ) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

■ **ပဲခူးမြစ်ကူးတံတားမှ**

တံတားဖွင့်ပွဲ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁)မှ အရာထမ်း အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်နယ်၊ တိုင်း၊ ဒေသအနှံ့လမ်းများ၊ တံတားများကို တည်ဆောက်ခဲ့ရာ ယနေ့ဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ရာသီမရွေး သွားလာ၍ ရသောလမ်းကွန်ရက်စနစ် ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊

ပဲခူးမြစ်ကူးတံတား (ကဝ) သည် ပဲခူးတိုင်းအတွက် အရေးပါသည့် နိုင်ငံတော်၏ ၂၂၁ စင်းမြောက် တံတားသစ်ကြီးဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း၌ စစ်တောင်းမြစ်ကူး (ရွှေကျင်-မဒေါက်)၊ ဧရာဝတီမြစ်ကူးတံတား(နဝဒေးတံတား-ပြည်) စသော မြစ်ကူးတံတားကြီးများကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ပဲခူးမြစ်ကူးတံတား (ကဝ)သည် ပဲခူးတိုင်းအတွက် ပေ ၁၈၀ နှင့်အထက် ၁၇ စင်းမြောက် တံတားကြီးဖြစ်ကြောင်း။

ယခင်က ပဲခူးမြစ်ကို ဖြတ်သန်းရန် ကူးတို့လှေကိုသာ အားထားကြရပြီး ရာသီဥတုအခြေအနေ စသည်တို့ကို စောင့်ဆိုင်းခဲ့ကြရကြောင်း၊ ကုန်စည်ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအတွက် အထောက်အပံ့ကောင်းဖြစ်စေရန် ဤပဲခူးမြစ်ကူးတံတား (ကဝ)ကို တည်ဆောက်လိုက်နိုင်ခြင်းကြောင့် လမ်းပန်းဆက်သွယ်သွားလာရေးကဏ္ဍ ပိုမိုမြန်ဆန်လွယ်ကူလာစေမည်ဖြစ်ကြောင်း။

ပဲခူးမြစ်ကူးတံတား(ကဝ) ပေါ်ထွန်းလာခြင်းကြောင့် ရန်ကုန်မြို့သို့ သွားလိုလျှင် ၃၇ မိုင်ခန့် ပိုမိုတိုတောင်း မြန်ဆန်သွားပြီး ပဲခူးမြို့သို့သွားလိုပါက ကိုးမိုင်ခန့် သက်သာစွာဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့အတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်အောင် အခွင့်အလမ်းကောင်းများရရှိလာပြီဖြစ်ကြောင်း၊ ပဲခူးမြစ်ကူးတံတား(ကဝ) အပါအဝင် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုရင်း ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများ ကိုယ်စား ကဝမြို့နယ်မှ ဒေသခံပြည်သူ ဦးအေးနိုင်က ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက် ပြီးစီးသွားခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာတော့မည်ဖြစ်၍ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းတို့က ပဲခူးမြစ်ကူးတံတား(ကဝ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက စက်ခလုတ်နှိပ်ကာ ပဲခူးမြစ်ကူးတံတား(ကဝ) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပဲခူးမြစ်ကူးတံတား(ကဝ)ကို ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား(ကဝ)သည် သံကူကွန်ကရစ် ဘေလီသံပေါင်တံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၅၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေ ၄ လက်မ၊ ရေလမ်း ကင်းလွတ်နယ်မြေအမြင့် ၁၂ ပေနှင့် အကျယ် ၇၆ ပေ၊ ခွင့်ပြုယာဉ်အလေးချိန် တန် ၂၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းတို့ ပဲခူးမြစ်ကူးတံတား(ကဝ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပဲခူးမြစ်ကူးတံတား (ကဝ) ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် Center for Vocational Training တို့

စာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် Center for Vocational Training (CVT) တို့ ပူးပေါင်း၍ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ သင်ကြားပို့ချရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းရှိ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း သစ်အခြေခံစက်မှု နည်းပညာသင်တန်းဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က အမှာစကားပြောကြားပြီး Center for Vocational Training (CVT)မှ ဒါရိုက်တာ ဒေါ်ယဉ်ယဉ်အေးက CVT သင်တန်းကျောင်းအကြောင်းကိုလည်းကောင်း၊ Furniture Maker သင်တန်းတာဝန်ခံ ဦးဇော်မင်းထွဋ်က သင်တန်းအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် သင်တန်းကျောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမိုးသော်နှင့် CVT ဒါရိုက်တာ ဒေါ်ယဉ်ယဉ်အေးတို့က ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ သင်ကြားပို့ချရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အမေရိကန်က အီရတ်နိုင်ငံအားပေးသော အကူအညီ ဒေါ်လာငါးဘီလီယံ အချည်းနှီးဖြစ်

ဝါရှင်တန် မတ် ၂၉

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ပေးသော အထောက်အပံ့များတွင် ဒေါ်လာ သုံးဘီလီယံမှ ငါးဘီလီယံထိ ၂၀၀၃ ခုနှစ်ကတည်းက အလဟဿဖြစ်ခဲ့ကြောင်း၊ အလားတူပြဿနာများသည် အာဖဂန်နစ္စတန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ခြောက်လှန့်လျက်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်ထိပ်တန်းစောင့်ကြည့်လေ့လာရေးအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံအတွင်း စီမံကိန်းများ မအောင်မြင်ခြင်း၊ အစီအစဉ်ရေးဆွဲမှုညံ့ဖျင်းခြင်းတို့ကြောင့် အချည်းနှီးဖြစ်သွားသော ငွေပမာဏသည် အီရတ်နိုင်ငံ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ရန်ပုံငွေ အမေရိကန် ဒေါ်လာ ၂၁ ဘီလီယံ၏၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း အထိရှိသည်ဟု အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး၏ အမေရိကန် အထူးစစ်ဆေးရေးချုပ် စတောက်ဘိုဝင်က အထက်လွှတ်တော်သို့ ပြောကြားသည်။ ထိုရန်ပုံငွေမှာ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ်တွင် အမေရိကန် ဦးဆောင်၍ ကျူးကျော်ဝင်ရောက်ပြီးနောက် အထက်လွှတ်တော်က ထူထောင်ပေးထားခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာ၌ ပျက်စီးခဲ့သော ယာဉ်တစ်စီးအား အာဖဂန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စစ်ဆေး

အောက်လွှတ်တော် လက်နက်ကိုင်ကော်မတီ၏ ရှေ့မှောက်တွင် ဘိုဝင်က တိကျသောနမူနာဖြစ်ရပ်များကိုပြောကြားခြင်း မပြုပေ။ အဆိုပါ ဆုံးရှုံးသောငွေကြေး ကိန်းဂဏန်းများသည် ဘိုဝင်၏ စာရင်းစစ်အဖွဲ့က လွန်ခဲ့သောနှစ်များအတွင်း စစ်ဆေးရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ကယ်ဆယ်ရေးနှင့် အရေးပေါ်ဆောင်ရွက်ခြင်းတို့အတွက် စည်းမျဉ်းများချမှတ်ထားမှု မရှိသည့်အတွက် အီရတ်နှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံလုံး၏ ပြန်လည်တည်ဆောက်ရေးသည် အခက်အခဲများနှင့် ရင်ဆိုင်ရမှာဖြစ်ကြောင်း ဘိုဝင်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ
The Mirror
နိုင်ငံတကာ သတင်းများ

အာဖဂန်တပ်ဖွဲ့ဝင်ပစ်၍ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေ

ကဘူး မတ် ၂၉

အာဖဂန်နစ္စတန် အရှေ့မြောက်ပိုင်းတွင် သောကြာနေ့က အာဖဂန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များကို သေနတ်ဖြင့်ပစ်ရာ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားပြီးနောက် သူ့ကိုယ်သူလည်း ပစ်သတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ အဆိုပါ ပစ်ခတ်မှုသည် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့် (ကမ္ဘာ့စံတော်ချိန် ၁၀၂၀)တွင် ဖြစ်ခဲ့သည်။

အာဖဂန်ကြည်းတပ်နှင့် ရဲတပ်ဖွဲ့တို့အား သင်တန်းပေးခြင်းကို အမေရိကန်တပ်ဖွဲ့က တာဝန်ယူထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နှင့် နေတိုး လျှို့ဝှက်တွေ့ဆုံခဲ့ကြ

ဘရပ်ဆဲလ် မတ် ၂၉

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) ရုံးစိုက်ရာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် အနှစ် ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အီရန်နိုင်ငံနှင့် နေတိုးတို့ လျှို့ဝှက်စွာတွေ့ဆုံ၍ အာဖဂန်နစ္စတန်အရေးကို သုံးသပ်ခဲ့ကြကြောင်း နေတိုးက ကြာသပတေးနေ့တွင် အတည်ပြုပြောကြားသည်။

နေတိုး၏နိုင်ငံရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ လက်ထောက်အထွေထွေ အတွင်းရေးမှူး မာတင်အတ်မန်နှင့် ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်နှင့် ဥရောပသမဂ္ဂ အီရန်သံအမတ် အလီအက်စ်ဂါခါဂျေတို့သည် မတ် ၉ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု နေတိုးပြောရေးဆိုခွင့်ရှိသူ ကာမင်းရိုမီရိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံရန် အစီအစဉ်ရှိ၊ မရှိကိုမူ မသိရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီတွင် ဆေးခြောက် ၁၇၅ ကီလိုကျော်ဖမ်းမိ

အန်ကာရာ မတ် ၂၉

တူရကီနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးနှစ်ရပ် ဆောင်ရွက်ရာတွင် ဆေးခြောက် ၁၇၅ ကီလိုကျော်ကို လုံခြုံရေးတပ်ဖွဲ့များက သောကြာနေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အရှေ့တောင်ပိုင်းပြည်နယ် ဒီယာဘာကီယာမှ အစ္စမေးယားပြည်နယ် အနောက်ပိုင်း တော်ဘာလီမြို့မှလာသော လော်ရီကားတစ်စီးကို ရပ်တန့်ရှာဖွေရာ ကားပေါ်တွင် ဝှက်ထားသော ဆေးခြောက် ၈၈ ကီလိုကို သိမ်းဆည်းရမိသည်။

ထိုမူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ပါဝင်သည်ဟု မသင်္ကာသူ ခြောက်ဦးကို ဖမ်းမိထားကြောင်း သတင်းများတွင် ဖော်ပြသည်။

ဗင်ပြည်နယ် အရှေ့ပိုင်း ဂွါပီနာမြို့ စစ်ဆင်ရေးတွင် ဘတ်စ်ကားတစ်စီးအား လုံခြုံရေးတပ်ဖွဲ့များက ရပ်တန့်ရှာဖွေရာ ဆေးခြောက် ၈၇ ဒသမ ၁ ကီလိုကို တရားဝင် သိမ်းဆည်းနိုင်ခဲ့သည်ဟု သတင်းတွင် ရေးသားထားသည်။

ဘတ်စ်ကားမောင်းသူကို မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုတွင် ပါဝင်သည်ဟု စွပ်စွဲ၍ ဖမ်းဆီးခဲ့သည်။

အာရှနှင့်အရှေ့အလယ်ပိုင်းမှ မူးယစ်ဆေးဝါးများကို အနောက်ဥရောပသို့ ပို့ဆောင်ရာတွင် တူရကီနိုင်ငံသည် အရေးပါသော ကြားစခန်းတစ်ခုဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘောဒီးယားတွင် တရားမဝင် ဒီဗွီဒီများ၊ စီဒီများကို ဖျက်ဆီး

ဖနွမ်းပင် မတ် ၂၉

ကမ္ဘောဒီးယားယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးဌာနနှင့် ဖနွမ်းပင်စည်ပင်သာယာရေးအဖွဲ့တို့သည် ၂၀၀၈ ခုနှစ်အတွင်းက ဖမ်းဆီးသိမ်းယူထားသည့် တရားမဝင် ခိုးကူး စီဒီ၊ ဒီဗွီဒီပြားနှင့် ညစ်ညမ်းစီဒီ၊ ဒီဗွီဒီပြား ၈၀၀၀၀ကျော်ကို သောကြာနေ့တွင် ဖျက်ဆီးခဲ့သည်။

ယင်းဒီဗွီဒီနှင့် စီဒီများသည် လူ့အဖွဲ့အစည်းအတွင်း အကျင့်စာရိတ္တ ပျက်စီးယိုယွင်းစေရန် လှုံ့ဆော်ပေးကြောင်း၊ ရုပ်ရှင်ထုတ်လုပ်သူများ၏ မူပိုင်ခွင့်ကိုလည်း ချိုးဖောက်ခြင်းဖြစ်ကြောင်း ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီး ကင်ဆာရစ်က အဆိုပါ ဖျက်ဆီးခြင်း အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

တရားမဝင် ဒီဗွီဒီများ၊ စီဒီများ ရောင်းချခြင်းကို အမြဲတမ်း နှိမ်နင်းလျက်ရှိကြောင်း၊ ခေတ်မီစက်ကြီးများဖြင့် ဒီဗွီဒီများ၊ စီဒီများကိုခိုးကူးရာတွင် နောက်ကွယ်ကြိုးကိုင်နေသူကို ဖမ်းဆီးအပြစ်ပေးရန် ကြိုးစားနေကြောင်း ၎င်းလုပ်ငန်းအား တိုက်ဖျက်ရေး ကော်မတီဥက္ကဋ္ဌ ကင်ဆာရစ်က ပြောကြားသည်။

နိုင်ငံခြားသားများသည် ညစ်ညမ်းရုပ်ရှင်ကားများ၊ ခိုးကူးဒီဗွီဒီများ၊ စီဒီများကို ယူဆောင်လာကြပြီး ဖနွမ်းပင်ရှိ ဈေးဆိုင်များသို့ ရောင်းချခြင်းကိုတွေ့ရှိရကြောင်း၊ ရုပ်ရှင်ကြည့်ပရိသတ်များက ဈေးသက်သာသော ခိုးကူးဒီဗွီဒီများ၊ စီဒီများကိုသာဝယ်ယူကြသဖြင့် ကမ္ဘောဒီးယား ရုပ်ရှင်လုပ်ငန်းမှာ ကျဆင်းနေကြောင်း ဖနွမ်းပင် စည်ပင်သာယာရေးအဖွဲ့မှ ထိပ်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ် ဂျေဝစ်ဒေသတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော အဆောက်အအုံအားတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းမှတ်စု

အိန္ဒိယ၌ ကမ္ဘာ့ဈေးနှုန်းသက်သာဆုံးကားများ စတင်ရောင်းချ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တော် တာတာမော်တော်ကားကုမ္ပဏီက ကမ္ဘာ့ဈေးနှုန်းသက်သာဆုံး မော်တော်ကားများကို စတင်ရောင်းချနေပြီဖြစ်ကြောင်း အဆိုပါကားများအား ဗြိတိန်နှင့် ဥရောပသို့ အဓိကတင်ပို့ရန် စီစဉ်ထားကြောင်းသိရသည်။ ပေါင်စတာလင် ၁၃၉၀ တန် တာတာနာနိုအမည်ရှိ လျှပ်စစ်မော်တော်ကားများသည် လူလေးဦး စီးနင်းနိုင်မည်ဖြစ်သည်။

မွမ်ဘိုင်းမြို့ ဥတ္တရာကန်ဒေသရှိ တာတာကုမ္ပဏီပိုင် ပန့်နာဂျာစက်ရုံတွင် နာနိုကားတစ်နှစ်လျှင် ၅၀၀၀၀ ထက်မနည်း ထုတ်လုပ်သွားရန် မျှော်မှန်းထားပြီး ၂၀၁၀ ပြည့်နှစ်တွင် တစ်နှစ်လျှင်ကားစီးရေ ၃၅၀၀၀၀ ထက်မနည်း တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။

ပေါင်စတာလင် ၁၃၉၀ တန် လျှပ်စစ်မော်တော်ကား နာနို။

အီတလီ၏ အလုပ်လက်မဲ့နှုန်း ကိုးနှစ်အတွင်း စံချိန်ချိုး

အီတလီနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၀၀၇ ခုနှစ်တွင် ၆ ဒသမ ၁ ရာခိုင်နှုန်းမှ ၂၀၀၈ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ ကိုးနှစ်အတွင်း အလုပ်လက်မဲ့နှုန်း ပထမဆုံးတိုးမြင့်ခဲ့ကြောင်း အမျိုးသားစာရင်းအင်း ဗျူရိုက သောကြာနေ့တွင် ဖော်ပြသည်။

၂၀၀၇ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် အလုပ်လက်မဲ့ဦးရေမှာ ၆ဒသမ ၆ ရာခိုင်နှုန်းမှ ၂၀၀၈ ခုနှစ်အလားတူ ကာလတွင် ၇ ဒသမ ၁ ရာခိုင်နှုန်းထိ မြင့်တက်လာသည်။

အမေရိကန် အလုပ်လက်မဲ့ဦးရေ ၁၀ ဒသမ ၅ ရာခိုင်နှုန်းထိမြင့်တက်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အလုပ်လက်မဲ့ဦးရေသည် ဇန်နဝါရီလတွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းမှ ဖေဖော်ဝါရီလတွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း၊ ၁၉၈၃ ခုနှစ် ဧပြီလမှစ၍ အလုပ်လက်မဲ့ဦးရေ အမြင့်ဆုံးဖြစ်ကြောင်း သောကြာနေ့တွင် ဖော်ပြသည်။

စီးပွားရေးကျဆင်းလာခြင်းကြောင့် အတတ်ပညာရှင်များနှင့် စက်မှုလုပ်ငန်းများအားလုံးမှ ဝန်ထမ်း ၁၁၆၀၀၀ ဦး လျှော့ချလာသဖြင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် အလုပ်လက်မဲ့ဦးရေ တိုးမြင့်လာခြင်းဖြစ်ကြောင်း လော့စ်အိန်ဂျလိစ် တိုင်း(မ်)သတင်းစာကဖော်ပြသည်။

တန်ဇန်းနီးယားတွင် ခြောက်နှစ်အတွင်း ငှက်ဖျားရောဂါတိုက်ဖျက်မည်

တန်ဇန်းနီးယားအစိုးရသည် နိုင်ငံတွင်း၌ ငှက်ဖျားရောဂါဆိုင်ရာ လုပ်ငန်းစဉ်များကို ၂၀၁၅ ခုနှစ်တွင် အောင်မြင်စွာ အဆုံးသတ်နိုင်ရေး အမြင့်ဆုံးအဆင့် ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိကြောင်း တရားဝင် ထုတ်ပြန်ကြေညာသည်။ ငှက်ဖျားရောဂါသည် ကမ္ဘာ့သေမင်းတမန်ရောဂါဆန်းတစ်ခုဖြစ်ကြောင်း မတ် ၂၃ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးနောက်တွင် တန်ဇန်းနီးယားအစိုးရက ယခုကဲ့သို့ ဖော်ပြခြင်းဖြစ်သည်။

တန်ဇန်းနီးယားနိုင်ငံအနေဖြင့် ယခုအခါတွင် အဆိုပါရောဂါနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတပိုမိုပွင့်လင်းလာခြင်းနှင့်အတူ နိုင်ငံအတွင်း၌ ယင်းရောဂါပျံ့နှံ့မှုကို နှိမ်နင်းနိုင်ပြီဖြစ်သည်ဟု ကျန်းမာရေးဒုတိယဝန်ကြီး အစ်ရှာကီရိုဒါ၏ပြောကြားချက်ကို ကိုးကား၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဒေသဆိုင်ရာ သတင်းစာက ဖော်ပြသည်။

ကိုလံဘီယာ စစ်ဘက်လေယာဉ်ပျက်ကျ

အီကွေဒေါနိုင်ငံနယ်စပ် ကိုလံဘီယာနိုင်ငံတောင်ပိုင်း နာရီနိုနယ်မြေအတွင်း ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်မှူးနှစ်ဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ကြာသပတေးနေ့က ကိုလံဘီယာအမျိုးသားတပ်မတော်က ဖော်ပြသည်။

အကြမ်းဖက်မှုနှိမ်နင်းရာတွင် တိုက်ခိုက်ခြင်းအတွက် အသုံးပြုရန် အမေရိကန်နိုင်ငံမှ ထောက်ပံ့ခဲ့သော ရဟတ်ယာဉ် ဟူယေး-၂သည် ကိုလံဘီယာနိုင်ငံ အနောက်တောင်ဘက် တူမာကိုဒေသအတွင်း ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲက ပျက်ကျခဲ့ကြောင်း စစ်ဘက်ကပြောကြားသည်။ ရဟတ်ယာဉ်ပျက်ကျခြင်း အကြောင်းရင်းအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။

လမ်းဘေးဗုံးပေါက်ကွဲ၍ ဆိုမာလီဝန်ကြီးဒဏ်ရာရရှိ

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် မတ် ၂၆ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဆိုမာလီနိုင်ငံပြည်ထဲရေးဝန်ကြီးသစ် ဒဏ်ရာရရှိပြီး လုံခြုံရေး အစောင့်တစ်ဦးသေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဆိုမာလီနိုင်ငံမြို့တော်၏ ဘာကာရာဈေးအနီး အဗ္ဗဒူကာဒါအလီအိုမာ၏ကား ဖြတ်သန်းစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းမှ ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း စစ်သွေးကြွများက ဆိုမာလီအစိုးရအား ယင်းကဲ့သို့ တိုက်ခိုက်မှုများကို မကြာခဏတိုက်ခိုက်လျက်ရှိသည်။

စုစည်းဘာသာပြန်ဆိုသူ-စိုးစိုးနိုင်

နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်၌ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေအနားယူ

နေပြည်တော် မတ် ၂၉

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို အများပြည်သူများ လေ့လာကြည့်ရှု အပန်းဖြေနိုင်ရန် ယမန်နေ့ နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ထားရှိရာ နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှ ဝန်ထမ်းများ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများနှင့် ပြည်သူများ၊ လာရောက်ကြည့်ရှုလေ့လာကြသည်။

အနားယူအပန်းဖြေ

တပ်မတော်ပန်းခြံနှင့် ရင်ပြင်ရှိ ရောင်စုံပန်းအလှပင်များ၊ ရောင်စုံမီးဆိုင်းများ၊ ရေပန်းများမှာ ကြည့်ရှုသူကို မျက်စိပသာဒနှင့် အမြင်အာရုံသစ်ဆန်းစေလျက်ရှိရာ ပြည်သူများ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေလျက်ရှိကြသည်။

ထို့အပြင် တပ်မတော်ပန်းခြံနှင့် ရင်ပြင်သို့ နေပြည်တော်အနီး ပတ်ဝန်းကျင်ရှိ ပြည်သူများ လွယ်ကူစွာလာရောက်ကြည့်ရှုအပန်းဖြေနိုင်ရေးအတွက် သွားလာရေး လွယ်ကူအဆင်ပြေစေရန် မော်တော်ယာဉ်လိုင်းများလည်း ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါ တပ်မတော်ပန်းခြံနှင့် ရင်ပြင်ကို မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့် ရင်ပြင်တွင် နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှ ဝန်ထမ်းများ၊ ပျဉ်းမနားတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများနှင့် ပြည်သူများ လာရောက် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနည်းဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန် အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀ စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ ဒသမ ၅ ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ(၃၊ ၄) နေလှန်းပြီးမှ စိုက်ပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မတ် ၄ ရက်က ရန်ကုန်မြို့၊ သာကေတ ၁/အနော်မာရပ်ကွက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ သာကေတမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဝင်း ပညာပေးဟောပြောစဉ်။

(ကြေးမုံ)

တွံတေးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က တွံတေးမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း တွံတေးမြို့ ချမ်းမြေ့ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့် (ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားသည်။

ထို့နောက် ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ပျဉ်းမနားဦးမြင့်လှိုင် (ပြန်ကြားရေးမှူး-၁)က ဖွဲ့စည်းတာဝန် ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြီး ဥက္ကဋ္ဌ တွံတေးစံမြင့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ တွံတေးနေမင်းအောင်၊ အတွင်းရေးမှူး တေးချစ်သစ္စာ၊ တွဲဖက်အတွင်းရေးမှူး ဝင်းကို၊ ဘဏ္ဍာရေးမှူး စံလင်း(တွံတေး)၊ စည်းရုံးရေးမှူး ဝင်းမိုး၊ ပြန်ကြားရေးမှူး ဌေးဌေးရည်၊ အဖွဲ့ဝင်များဖြစ်ကြသော အေကေတီ၊ ကိုနိုင်၊ အရာခံဗိုလ်လှမြင့်(ငြိမ်း)၊ စောသိန်းထွန်းကျော်တို့ပါဝင်သည့် မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဖျာပုံ စောင်းဦးသိန်းဟန်ကြီးက ပေးအပ်ကာ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး

အေဒီ ၁၁ရာစုခန့်ကပင် မြန်မာဆိုသည်မှာ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့သောနိုင်ငံဖြစ်သည်။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကား၊ ကိုယ့်စာပေနှင့် ကိုယ့်ယဉ်ကျေးမှုများ ထွန်းကားတည်ရှိခဲ့သည့် သမိုင်းကြောင်းလည်း အထင်အရှားရှိသည်။ သို့သော်လည်း အေဒီ၁၉ ရာစုအရောက်တွင် ကမ္ဘာ၌ဖြစ်ပေါ်ခဲ့သော ကိုလိုနီဝါဒကြောင့်တိုင်းတစ်ပါးကျွန်အဖြစ်သက်ဆင်းခဲ့ရဖူးသည်။ ထိုကာလများအတွင်း ဘာသာ၊ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် အစဉ်အလာတို့မှာ မှေးမှိန်ကွယ်ပျောက်လုနီးနီး ဖြစ်ခဲ့ရသည်။ ၂၀ရာစုဆန်းစတွင် မြန်မာ့လွတ်လပ်ရေးအတွက် ပထမဆုံးသန္ဓေတည် ပေါ်ထွန်းလာသော အသင်းကြီးတစ်သင်းဖြစ်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)က ထိုထိုသော အကြောင်းများကို တွေးဆမိပြီး မြန်မာ့ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးဂုဏ်အတွက် ကြွေးကြော်သံတစ်ခု လှုံ့ဆော်ခဲ့ရသည်။ အဓိကမှာ ကိုယ့်စာပေကိုချစ်ဖို့နှင့် ကိုယ့်ဘာသာစကားကို လေးစားကြဖို့ပင်ဖြစ်သည်။ ယင်းလှုံ့ဆော်ကြွေးကြော်မှုကြောင့် မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိပြီး မျက်မှောက်ခေတ်ရောက်သည့်တိုင်အောင် မြန်မာစာပေ၊ မြန်မာဘာသာစကားတို့မှာ ဆက်လက်ဖွံ့ဖြိုး ထွန်းကားနေခဲ့ခြင်းလည်းဖြစ်ပေသည်။

ယနေ့ ၂၁ရာစုကို မီဒီယာခေတ်ဟု တင်စားခေါ်ဝေါ်ကြသည်။ သတင်းနည်းပညာ တိုးတက်လာသည်နှင့်အမျှ ကမ္ဘာကြီးတစ်ခုလုံးတွင် ဖြစ်ပေါ်တိုးတက်နေသော ဖြစ်စဉ်ခြင်းရာအားလုံးကို စက္ကန့်ပိုင်းအတွင်း တစ်နေရာနှင့်တစ်နေရာ သိရှိလာနိုင်ကြသည်။ သို့ဖြင့် ကမ္ဘာသူကမ္ဘာသားများ၏ လှုပ်ရှားနေထိုင်မှုများကို ရွာတစ်ရွာအတွင်း နေထိုင်နေကြရသည့်ပမာ တင်စားခေါ်ဝေါ်မှုများလည်း ရှိလာခဲ့ပါသည်။ ထိုအခါ တစ်ကမ္ဘာလုံးဆက်စပ်လွှမ်းခြုံဖြစ်ပေါ်မှုအစဉ်(Globalization) ဟူသော ဝေါဟာရတစ်ရပ် ပေါ်ထွက်လာခဲ့ပြန်သည်။ သာမန်အားဖြင့် ယင်းအစဉ်တွင်လိုက်၍ ဖြစ်ပေါ်လာမှုအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုဟု မှတ်ယူရန်အကြောင်းရှိသော်လည်း အခြားတစ်ဖက်၌ ဆိုးကျိုးများကိုလည်း ဖြစ်စေနိုင်ပါသည်။ တစ်နည်းအားဖြင့် ၁၉ရာစုက ကိုလိုနီနယ်ချဲ့တို့၏ ကျွန်နိုင်ငံအဖြစ်အတင်းသွတ်သွင်း သိမ်းပိုက် မှုမျိုးထက် ယခုမျက်မှောက်နိုင်ငံနှင့်လူမျိုး ပျောက်ဆုံးသွားနိုင်သည့် အခြေအနေမျိုးမှာမူ ပို၍ပင် စိုးရိမ်ဖွယ်ကောင်းလှပေသည်။ အဓိကအချက်မှာ လူမျိုးတစ်မျိုး၏ အခြေခံစိတ်ထား၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် တည်ရှိထွန်းကားနေသော စာပေ၊ ဘာသာစကားတို့ကိုပါ မှေးမှိန်ထိခိုက်လာစေနိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုအစဉ်မှ ကောင်းတာတွေကို လေ့လာရွေးချယ်ယူနိုင်ရမည်ဖြစ်သကဲ့သို့ ဆိုးတာတွေကိုလည်း မှတ်ယူဖယ်ရှား ရှောင်ကြဉ်နိုင်ကြရမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် အရေးအကြီးဆုံးအချက်မှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး **"ကိုယ်ခံအား"**ကောင်းနေကြရန်လိုအပ်မည်ဖြစ်သည်။ ဤနေရာတွင် အဓိကဆိုလိုချင်သည်မှာ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားဖြစ်သည်။ သာမန်အားဖြင့် စိတ်၏ကိုယ်ခံအားကို ဘာသာတရားမှလည်း သက်ဝင်ယုံကြည်ရရှိစေနိုင်ပါသည်။ ပြည်သူ့နီတိမျိုးကစ၍ဘဝအတွက် အခြေခံလိုက်နာဆောင်ရွက်သင့်သည်များ၊ ရှောင်ကြဉ်သင့်သည်များကို စာသင်ကျောင်းများ၏ အထွေထွေဗဟုသုတ သင်ခန်းစာများက ရရှိနိုင်ပါသည်။ အလားတူ ထုံးတမ်းဓလေ့အရ အသက်အရွယ်ကြီးရင့်သူ၊ ဉာဏ်ပညာကြီးရင့်သူတို့ထံမှလည်း ရရှိနိုင်ပါသည်။ သို့သော်လည်း ကျောင်းသင်ခန်းစာဟူသည် ပညာရှာသည့်အရွယ်ကို ကျော်လွန်ချိန်၌ မရရှိနိုင်တော့သကဲ့သို့ အသက်အရွယ်ကြီးသူ၊ ဉာဏ်ပညာကြီးသူတို့ထံမှ အတွေ့အကြုံ၊ ဗဟုသုတဆိုသည်မှာလည်း အခါမလပ်ရရှိနိုင်သောဖြစ်စဉ်မျိုး မဟုတ်သည်ကို တွေ့ရှိကြရပါမည်။ အမှန်စင်စစ်တွင်မူ ကိုယ်ခံအား ကောင်းစေရန်(ဝါ) အကောင်းအဆိုး ခွဲခြားသိမြင်နိုင်ရန် အခါမလပ်ရရှိနိုင်သည့် ရင်းမြစ်များမှာ စာအုပ်၊ စာပေများသာ ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်ခံအား ကောင်းစေရန်အတွက် စာအုပ်၊ စာပေတွေရှိသည်ဟူသော အပေါ်ယံသိရုံမျှဖြင့် အလုပ်မဖြစ်။ ယင်းစာအုပ်၊ စာပေများကို အတွင်းကျကျ ဖတ်ရှုမှသာ အလုပ်ဖြစ်မည် ဖြစ်ပါသည်။ ထို့ကြောင့် **"စာဖတ်ခြင်း"** ဟူသော အလေ့အထကို စွဲစွဲမြဲမြဲဆောင်ရွက်ဖို့ရန် အထူးလိုအပ်လာပါသည်။ သို့မှသာ လူတစ်ဦးတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအား အထူးကောင်းမွန် တိုးတက်စေလိမ့်မည်ဖြစ်သည်။

စာဖတ်ခြင်းဆိုရာ၌ သတင်းသိရုံဟူသောစိတ်ဖြင့် နေ့စဉ်သတင်းစာ၊ ဂျာနယ်မျှ ဖတ်ခြင်း၊ တစ်ခါတစ်ရံ အပျော်တမ်းစာပေမျှ ဖတ်ခြင်းကို မဆိုလိုချင်ပါ။ မီဒီယာခေတ်ဖြစ်သည်နှင့်အညီ အချိန်မှန်ထုတ် စာအုပ်၊ စာစောင်များမှသော်လည်းကောင်း၊ အင်တာနက် အွန်လိုင်းများမှသော် လည်းကောင်း ကမ္ဘာ့အရပ်ရပ်ဖြစ်စဉ်များကို စက္ကန့်ပိုင်းအတွင်း သိရှိနိုင်ကြပါသည်။ ယင်းအသိမျှ လုပ်ဆောင်ခြင်းကို စာဖတ်ခြင်းဟု မဆိုလိုချင်ပါ။ သတင်း တစ်ပုဒ်ကို ချက်ချင်းဖတ်ရှုရမှုကြောင့် အသိတစ်ခုရရှိသည် မှန်သော်လည်း အပေါ်ယံ အသိမျှသာ ဖြစ်ပါသေးသည်။ ယင်းသတင်းနှင့် ပတ်သက်သော ဖြစ်စဉ် အစအဆုံးကို သေချာစွာရှာဖွေ လေ့လာအချိန်ယူ ဖတ်ရှုကြမှသာ မှန်ကန်သည့် သုံးသပ်မှုနှင့် အသိအမြင်မျိုးကို ရရှိလာနိုင်ပါသည်။

ကျော်ဦးဆွေ

ဥပမာတစ်ခုအနေဖြင့်အာရှနိုင်ငံတစ်ခု၌ ဆယ်ကျော်သက်ကလေးများအထိ အင်တာနက်ကို သုံးစွဲကြည့်ရှုလာကြ ဟူသော သတင်းမျိုးအတွက် အပေါ်ယံအသိနှင့် ဖွံ့ဖြိုးတိုးတက်မှုဟု ယူဆနိုင်သကဲ့သို့ ယင်းဖွံ့ဖြိုးတိုးတက်မှုသည်ဆယ်ကျော်သက်ကလေးငယ်များအပေါ် မည်မျှအထိဆိုးကျိုးများပြန်လည်ဖြစ်ပေါ်လာနိုင်သည်ဆိုသော အသိမျိုးကိုလည်း တစ်ဖက်၌ ဖတ်မှတ်သိရှိထားမှသာ အကောင်းအဆိုးကို ဒွန်တွဲဆင်ခြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိဆိုလိုချင်သော စာဖတ်ခြင်းဟူသည်မှာ သာမန်ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လက်ငင်းဖြစ်စဉ်တစ်ခုကို သိရှိရုံဖတ်သည်ဆိုခြင်းမျိုး မဟုတ်ဘဲ ဖြစ်စဉ်နှင့်ပတ်သက်သည့် အကောင်းအဆိုး၊ အကြောင်းအကျိုးအား ဝေဖန်သုံးသပ်နိုင်သည်အထိ လေ့လာဖတ်ရှုလိုခြင်းမျိုးကို ဆိုလိုရင်းဖြစ်ပါသည်။ ထိုသို့သော စာဖတ်ခြင်းအလေ့အထများ ရှိလာကြမှသာ အနာဂတ်နိုင်ငံနှင့် လူမျိုး၏အခြေခံစိတ်ထား၊ စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှု အစရှိသည်တို့ တည်တံ့ထွန်းကားလိမ့်မည်ဖြစ်ပါသည်။

ယနေ့နိုင်ငံအတွင်း စာအုပ်၊ စာပေများကိုလေ့လာပါက အရေအတွက်အားဖြင့် ကောင်းစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို လက်ခံကြရပါမည်။ ဥပမာ-ကမ္ဘာတွင် ကျင့်သုံးလျက်ရှိသော ဒူဝီဒသမစာအုပ်အမျိုးအစား ခွဲနည်းအရ ၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ထွက်ရှိခဲ့သော စာအုပ်ပေါင်း ၁၅၉၇နှင့် အချိန်မှန်ထုတ်စာနယ်ဇင်းပေါင်း ၁၃၄သာရှိခဲ့ရာမှ ၂၀၀၈ခုနှစ်အရောက်တွင်မူ စာအုပ်ပေါင်း ၄၂၉၉နှင့် စာနယ်ဇင်းပေါင်း ၆၄၉၇အထိ တိုးမြှင့်ပုံနှိပ်ထုတ်ဝေလာခဲ့ကြသည်ကို တွေ့ရှိရပါသည်။ အရည်အသွေးအနေနှင့် ဆန်းစစ်ကြည့်ပါမူ တစ်ချိန်က တွေးခေါ်မြော်မြင်ရေးနှင့် လောကီပညာဆိုင်ရာ စာအုပ် ၁၃အုပ်၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာစာအုပ် ၂၃ အုပ်၊ ဘာသာစကားနှင့် စာပေဆိုင်ရာစာအုပ် ၄၉ အုပ်၊ သိပ္ပံပညာဆိုင်ရာစာအုပ် ၁၇ အုပ်၊ စက်မှုလက်မှုနှင့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာစာအုပ် ၂၃အုပ်၊ သမိုင်းနှင့် အတ္ထုပ္ပတ္တိစာအုပ်၃၈အုပ် ထွက်ရှိခဲ့ရာမှ မျက်မှောက်အချိန်တွင် တွေးခေါ်မြော်မြင်ရေးနှင့်လောကီပညာဆိုင်ရာစာအုပ် ၈၂ အုပ်၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာစာအုပ် ၂၅၆အုပ်၊ ဘာသာစကားနှင့်စာပေဆိုင်ရာစာအုပ် ၆၉၅အုပ်၊ သိပ္ပံပညာဆိုင်ရာစာအုပ် ၅၂အုပ်၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာစာအုပ် ၄၇အုပ်၊ သမိုင်းနှင့်အတ္ထုပ္ပတ္တိစာအုပ် ၁၅အုပ်ခန့်ထွက်ရှိကြောင်းတွေ့ရှိကြရပါသည်။ မျက်မှောက်မြန်မာစာပေ ပုံနှိပ်ထုတ်ဝေခြင်းအခြေအနေကို အရှိအတိုင်းဝေဖန်ရလျှင် အရေအတွက်သာမက အရည်အသွေးအားဖြင့်လည်း များစွာဖွံ့ဖြိုးတိုးတက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း အချိန်ကာလနှင့်ဖွံ့ဖြိုးမှုကို နှိုင်းယှဉ်ကြည့်ပါက အားရဖွယ်ကောင်းလောက်သည်အထိ တိုးတက်မှုမရှိသေးကြောင်းကိုမူ ဝန်ခံကြရပါလိမ့်မည်။ ယင်းအကြောင်းအရာကို ဆက်လက်ဆွေးနွေးရမည်ဆိုပါကမြန်မာစာပေလောက၊ စာပေလောကသားများနှင့် စာဖတ်ပရိသတ်ပြည်သူတို့ အခြေအနေကိုလေ့လာသုံးသပ်ရမည်ဖြစ်သည်။

ဦးစွာအားဖြင့် မြန်မာနိုင်ငံ၏ ပုံနှိပ်မီဒီယာကဏ္ဍအကြောင်းကို ဆွေးနွေးမည်ဆိုလျှင်ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအခြေအနေကိုလည်း မဖြစ်မနေထည့်သွင်းဆွေးနွေးရပါလိမ့်မည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များအရ ပုံနှိပ်ထုတ်ဝေမည့် စာပေအားလုံးအား ကြိုတင်စိစစ်ပြီးခွင့်ပြုချက်ရရှိမှသာထုတ်ဝေဖြန့်ချိနိုင်ခြင်းဖြစ်သဖြင့်မျက်မှောက်ပုံနှိပ်ထုတ်ဝေနေမှုအရည်အသွေးများကျဆင်းနေရခြင်းမှာယင်းကြောင့်လောဟုပွင့်ပွင့်လင်းလင်းမေးခွန်းထုတ်နိုင်ပါသည်။ စင်စစ်တွင်မူ ၂၀၀၈ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသူများက စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနသို့ တင်ပြခဲ့သော စာမူများကို အမျိုးအစားအလိုက်ခွဲခြားဆန်းစစ်ကြည့်ပါက တွေးခေါ်မြော်မြင်ရေးနှင့် လောကီရေးရာ ၁၂၅အုပ်တင်ပြခဲ့ပြီး ၁၂၅အုပ်လုံးကိုခွင့်ပြုခဲ့သော်လည်း ၈၂အုပ်သာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ စာအုပ်များတွင် စုစုပေါင်း ၂၈၃အုပ် ထုတ်ဝေခွင့်ပြုရန် တင်ပြခဲ့သည်။ ယင်းတို့အား တစ်ခုချင်း အသေးစိတ် ခွဲခြမ်းဆန်းစစ်ပါက နိုင်ငံရေးစာမူ ၁၄၉အုပ်တင်ပြခဲ့ပြီး ၁၄၁အုပ်ခွင့်ပြုခဲ့သော်လည်း ၇၇အုပ်သာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ လူမှုရေးစာအုပ် ၂၈၃အုပ် တင်ပြခဲ့ပြီး အားလုံးခွင့်ပြုခဲ့သော်လည်း ၁၇၉အုပ်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကဗျာစာအုပ် ၇၉အုပ် တင်ပြခဲ့ပြီး ၇၈အုပ်ခွင့်ပြုခဲ့သော်လည်း ၅၂အုပ်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဘာသာစကားနှင့် စာပေဆိုင်ရာ စာအုပ် ၇၈၂အုပ်တင်ပြခဲ့ပြီး ၇၈၀ခွင့်ပြုခဲ့သော်လည်း ၆၉၅အုပ်သာ အမှန်တကယ်ပုံနှိပ်ထုတ်ဝေခဲ့ကြသည်။ သိပ္ပံပညာဆိုင်ရာစာအုပ် ၇၃အုပ်တင်ပြခဲ့ပြီး အားလုံးခွင့်ပြုခဲ့သော်လည်း ၅၂အုပ်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာစာအုပ် ၉၈အုပ်တင်ပြပြီး အားလုံးခွင့်ပြုခဲ့သော်လည်း ၄၇အုပ်သာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ သမိုင်းနှင့် အတ္ထုပ္ပတ္တိစာအုပ် ၅၅အုပ်တင်ပြခဲ့ပြီး ၅၁ အုပ် ခွင့်ပြုခဲ့သော်လည်း ၁၅ အုပ်သာ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ ထို့ကြောင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ပုံနှိပ်ထုတ်ဝေသူများက တစ်နှစ်အတွင်း တင်ပြခဲ့သော စာအုပ်များအားလုံး၏ ထက်ဝက်ကျော်ခန့်ကိုသာ မြန်မာစာပေလောကသားများအနေဖြင့် ယင်းနှစ်အတွင်း အမှန်တကယ်ပုံနှိပ်ထုတ်ဝေခြင်း ပြုနိုင်ကြောင်းကို သုံးသပ်တွေ့ရှိနိုင်ပါသည်။ အလားတူ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည်လည်း ပုံနှိပ်သူ၊ ထုတ်ဝေသူများက တစ်နှစ်အတွင်း တင်ပြလာသော စာမူများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြီး ရာနှုန်းပြည့်နီးပါး ပုံနှိပ်ထုတ်ဝေခွင့် ပြုနိုင်ခဲ့ကြောင်း တွေ့ရှိကြရပါမည်။ ယင်းအချက်အလက်များကို လေ့လာသုံးသပ်ကြည့်ပါက မြန်မာစာပေလောကရှိ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများသည် စာရေးသူကဏ္ဍမှ ရေးသားပြုစုသော စာအုပ်များအား အားရကျေနပ်ဖွယ် ကောင်းလောက်သည်အထိ ပုံနှိပ်ထုတ်ဝေခြင်းမပြုနိုင်သေးကြောင်းကို ထင်ထင်ရှားရှား တွေ့မြင်ကြရပါမည်။

သို့ဆိုလျှင် မြန်မာစာပေနှင့် စာပေလောကသားများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ဆောင်ရွက်ကြပါမည်နည်း။ အဓိကအားဖြင့် မြန်မာစာပေလောကကို အကြမ်းဖျင်း အပိုင်းသုံးပိုင်းခွဲ၍ လေ့လာနိုင်မည်ဖြစ်သည်။ ယင်းမှာ စာရေးဆရာနှင့် ကဗျာဆရာများ၊ စာနယ်ဇင်းလုပ်ငန်းဆောင်ရွက်နေသူများ၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူများဟူ၍ ဖြစ်သည်။ စာရေးဆရာနှင့် ကဗျာဆရာများသည် တစ်ဦးချင်း လုံးချင်းစာအုပ်များ ရေးသားပြုစုကြသကဲ့သို့ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများကိုလည်း အချိန်မှန်ထုတ် စာနယ်ဇင်းများတွင် အခါအားလျော်စွာ ရေးသားကြပါသည်။ စာနယ်ဇင်းလုပ်ငန်းတွင် စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်၊ စာစီ၊ စာပြင်၊သရုပ်ဖော်ပန်းချီ၊ သတင်းဓာတ်ပုံသမားများ၊ ကာတွန်းဆရာများအစရှိသဖြင့်ပါဝင်ကြပြီး အချိန်မှန်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းများကို ပြုစုဆောင်ရွက်ကြပါသည်။ ပုံနှိပ်ထုတ်ဝေဖြန့်ချိအပိုင်းတွင်မူစာရေးဆရာအလွှာနှင့် စာနယ်ဇင်းအလွှာမှ ပြုစုလာသော စာအုပ်၊ စာစောင်များအား ထုတ်ဝေသူများက ချိတ်ဆက်ရယူပြီး ပုံနှိပ်ထုတ်ဝေကြပါသည်။ ပုံနှိပ်ပြီးစာအုပ်၊ စာစောင်များအား ဖြန့်ချိသူများနှင့် ဆက်စပ်ပြီး စာဖတ်ပြည်သူများထံသို့ ဆက်လက်ဖြန့်ချိမှုပြုကြပါသည်။ ယင်းအပိုင်းသုံးပိုင်းသည် စာအုပ်၊ စာစောင် ပြုစုပုံနှိပ်ထုတ်ဝေရေးအတွက် မရှိမဖြစ်ဆက်စပ်ဆောင်ရွက်ကြရမည့်အပိုင်းကြီးများဖြစ်ပြီး တစ်ပိုင်းနှင့်တစ်ပိုင်း သဟဇာတညီညွတ်မျှတစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ကြမှသာလျှင် မြန်မာ စာပေသည်လည်းကောင်း၊ မြန်မာစာပေလောကသားများသည်လည်းကောင်း ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စာရေးဆရာအလွှာကို လေ့လာပါက အထက်တွင် တင်ပြခဲ့သော ဒူဝီဒသမစာအုပ်ခွဲနည်းအရ အမျိုးအစား ၁၀ မျိုးတွင် အသက်မွေးဝမ်းကျောင်းအလိုက်သော်လည်းကောင်း၊ ဝါသနာနှင့် စိတ်ဝင်စားမှုအရသော်လည်းကောင်း အသီးသီး ပြုစုရေးသားပေးလျက်ရှိကြပါသည်။ သုတပိုင်းလည်း အများအပြားပါရှိသလို ရသပိုင်းအနေဖြင့်လည်း ဖော်ဆောင်ရေးသားနေကြသည်ကို တွေ့ရှိကြရပါမည်။ ကမ္ဘာ၏ တိုးတက်ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးဆိုင်ရာ အယူအဆသစ်များ၊ မူဝါဒအသစ်များ၊ ဝေါဟာရအသစ်များလည်း ဘာသာပြန်ဆိုရေးသား ထုတ်ဝေကြလျက် ရှိပါသည်။ ၂၀၀၈ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေသူများက စာရေးဆရာများ၏ စာအုပ်ပေါင်း ၂၁၀၆ အုပ်ကို ပုံနှိပ်ထုတ်ဝေရန် ပြုစုတင်ပြခဲ့ကြပြီး စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ၂၀၉၁ အုပ်ထိ ခွင့်ပြုပေးခဲ့သော်လည်း အမှန်တကယ်တွင်မူ ၁၃၉၈ အုပ်ခန့်သာ ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၀၈ ခုနှစ်အတွင်း ဝတ္ထု၊ ပုံပြင်ရေးသားပြုစုသော စာရေးဆရာများ၏ စာမူ၂၂၄၅အုပ်အား ပုံနှိပ်ထုတ်ဝေရန် တင်ပြခဲ့ကြပြီး စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ၂၀၅၈ အုပ်အထိ ခွင့်ပြုပေးခဲ့သော်လည်း အမှန်တကယ် ပုံနှိပ်ဖြန့်ချိနိုင်မှုမှာ ၁၅၄၂ အုပ်သာ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် စာရေးဆရာအလွှာမှ စာပေလောကသားများအနေဖြင့် ပြည်သူလူထု စာဖတ်ပရိသတ်အတွက် စာကောင်းပေမွန်များကို တာဝန်ကျေစွာ ပြုစုရေးသားနေကြကြောင်း သုံးသပ်တွေ့ရှိရပါသည်။

စာမျက်နှာ ၇ ကော်လံ ၁သို့ ☆

ကိုယ်ခံအား ကောင်းစေရန်အတွက် စာအုပ်၊ စာပေတွေရှိသည်ဟူသော အပေါ်ယံသိရုံမျှဖြင့် အလုပ်မဖြစ်။ ယင်းစာအုပ်၊ စာပေများကို အတွင်းကျကျ ဖတ်ရှုမှသာ အလုပ်ဖြစ်မည်ဖြစ်ပါသည်။ ထို့ကြောင့် "စာဖတ်ခြင်း" ဟူသော အလေ့အထကို စွဲစွဲမြဲမြဲဆောင်ရွက်ဖို့ရန် အထူးလိုအပ်လာပါသည်။ သို့မှသာ လူတစ်ဦးတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအား အထူးကောင်းမွန် တိုးတက်စေလိမ့်မည်။

တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မတ် ၂၉

မန္တလေးမြို့၌ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက မန္တလေးမြို့ ခရီးစဉ်မှတ်တမ်းတင်ဓာတ်ပုံ အယ်(လ်)ဘမ်နှင့် ခရီးစဉ်မှတ်တမ်းစီဒီခွေတို့ကို ဧည့်သည်တော် H.E.Mr.Li Changchun အား ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် H.E.Mr.Li Changchun နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Tang Yang နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့သွားရောက် ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

ဧည့်သည်တော် H. E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr.Tang Yang နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် H. E. Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြနန်းစံကျော် ရွှေနန်းတော်ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း(မန္တလေး)ကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ၊ ကုသိုလ်တော်ဘုရားနှင့် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရားတို့အား ဖူးမြော်ကြည်ညိုကြပြီး မန္တလေးတောင်တော်ပေါ်မှ မန္တလေးမြို့၏ နေဝင်ချိန်ဆည်းဆာအလှကို ကြည့်ရှုကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဧည့်သည်တော် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား Mandalay Hill Resort Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၂၉

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှု၊ Silver View Resort ၏ ပံ့ပိုးကူညီမှုဖြင့် ကထိက ဒေါက်တာဝါဝါမောင် (အသုံးချဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်) က ဖွံ့ဖြိုးမှုသို့သွားရာ လမ်းကြောင်းများ (Pathways to development) ခေါင်းစဉ်ဖြင့် ဧပြီ ၂ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ ယုဇနဟိုတယ်၌ ဟောပြောဆွေးနွေးမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲသို့ အသင်းဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

☆ စာမျက်နှာ ၆ မှအဆက်

စာနယ်ဇင်းအလွှာသည် အချိန်မှန်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းများအရေအတွက် ပွားများလာမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ သတင်းခေတ်ဖြစ်သည်နှင့်အညီ အချိန်နှင့်အမျှ ဖြစ်ပေါ်ပြောင်းလဲနေသော သတင်းအသစ်အဆန်းများကို စာဖတ်ပရိသတ်က စိတ်ဝင်စားသည်နှင့်အမျှ ဂျာနယ်၊ မဂ္ဂဇင်းများသည်လည်း ရှင်သန်လျက်ရှိပါသည်။ ၂၀၀၈ ခုနှစ်အတွင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနတွင် ခွင့်ပြုထားသော ဂျာနယ်ထုတ်ဝေသူ မှတ်ပုံတင် ၁၉၂ ဦးရှိပြီး မဂ္ဂဇင်းထုတ်ဝေသူ မှတ်ပုံတင် ၂၃၀ထိ ရှိခဲ့ပါသည်။ ၎င်းတို့အနေဖြင့် တစ်နှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော မဂ္ဂဇင်း၊ ဂျာနယ် စုစုပေါင်းမှာ ၆၄၉၇ စောင်ရှိခဲ့ပြီး တစ်လလျှင် ပျမ်းမျှစောင်ရေ ၅၀၀ ကျော် ပုံနှိပ်ထုတ်ဝေနေကြကြောင်း တွေ့ရှိကြရပါမည်။ ၂၀၀၆ခုနှစ်သည် မြန်မာနိုင်ငံ၏စာနယ်ဇင်းလောက တစ်ခေတ်ဆန်းသည်ဟု မှတ်ကျောက်တင်ကြရမည်ဖြစ်သကဲ့သို့ ဂျာနယ်၊ မဂ္ဂဇင်းများစွာသည်လည်း ပေါ်ထွက်လာခဲ့ပါသည်။ အလားတူ စာနယ်ဇင်းလုပ်ငန်းနှင့် အသက်မွေးကြသော လူ့အရင်းအမြစ်အသီးသီးသည်လည်း များစွာဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည် ပုဂ္ဂလိကဂျာနယ်၊ မဂ္ဂဇင်းများအား တစ်စထက်တစ်စ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန် ပျိုးထောင်ပေးလျက်ရှိသကဲ့သို့ ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေသူများနှင့် စာနယ်ဇင်းအလွှာကလည်း ပိုမိုဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း တွေ့ရှိနိုင်ပါသည်။

စာပေလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကဆောင်ကြဉ်းပေးနိုင်သောအလွှာမှာ ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိအလွှာပင်ဖြစ်ပါသည်။ စာရေးဆရာအလွှာက မည်မျှပင် ပြုစုရေးသားနိုင်ကြသည်ဖြစ်စေ၊ စာနယ်ဇင်းအလွှာလူ့အရင်းအမြစ်များက မည်မျှပင် အပင်ပန်းခံဆောင်ရွက်နိုင်ကြသည်ဖြစ်စေ ပုံနှိပ်သူနှင့် ထုတ်ဝေသူသာမရှိပါက စာစောင်တစ်စောင်၊ စာအုပ်တစ်အုပ်ဖြစ်လာမည် မဟုတ်သကဲ့သို့ ဖြန့်ချိသူမရှိပါကလည်း ပြည်သူလူထု စာဖတ်ပရိသတ်လက်သို့ ၎င်းစာအုပ်၊ စာစောင်များ မည်သို့မျှမရောက်ရှိနိုင်ပေ။ ထို့ကြောင့် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများသည် စာပေလုပ်ငန်းအပေါ် ကြီးစွာသြဇာသက်ရောက်နေမည်ဖြစ်သကဲ့သို့ ပို၍အရေးကြီးသည်မှာ တစ်ကိုယ်ရေအကျိုးစီးပွားထက် တိုင်းပြည်နှင့်လူထု၏ အမျိုးသားအကျိုးစီးပွားကိုဆောင်ကြဉ်းပေးလိုသည့် စိတ်ဆန္ဒများ ရှိနေရန်ဖြစ်ပါသည်။ မိမိလုပ်ငန်းရပ်တည်နိုင်ရန် အကျိုးအမြတ်ကို မကြည့်နှင့်ဟု မဆိုလိုသော်လည်း မိမိ၏နိုင်ငံသားများနှင့် နိုင်ငံတော်၏အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်း ကြည့်ရှုပေးကြရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများအနေဖြင့် အတ္တနှင့်ပရ ညီညွတ်မျှတကြဖို့ ဖြစ်ပါသည်။ လတ်တလော စာအုပ်ထုတ်ဝေမှု အချက်အလက်များကို ဆန်းစစ်ပါက ပုံနှိပ်ထုတ်ဝေသူများအနေဖြင့် သေချာပေါက် အမြတ်အစွန်းရရှိနိုင်သည့် စာအုပ်အမျိုးအစားမျိုးကိုသာ ဦးစားပေး ပုံနှိပ်ထုတ်ဝေလိုကြပြီး အမျိုးသားအကျိုးစီးပွားအတွက်မူ ဆောင်ကြဉ်းမှု အားနည်းနေသေးသည်ကို ဝန်ခံကြရပါလိမ့်မည်။ ယင်းအတွက် ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိသူများအနေဖြင့် စာရေးဆရာအလွှာမှ လူ့အရင်းအမြစ်များ၊ စာနယ်ဇင်းအလွှာမှ လူ့အရင်းအမြစ်များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ညီညွတ်မျှတစွာဆောင်ရွက်သွားကြရန် လိုအပ်နေသေးကြောင်း သုံးသပ်တွေ့မြင်ရပါသည်။ (ဆက်လက်ဖော်ပြပါမည်။)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်

ရန်ကုန် မတ် ၂၉

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန် မြို့ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့သစ်လုပ်ငန်း ဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက်အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ထို့နောက် ဝန်ကြီးနှင့် အသင်းအမှုဆောင်များက အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွား ၂၉ ဦးတို့အား လျှုဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြ၍ အင်္ဂပူမြို့နယ်အသင်းသို့ ဝန်ကြီးနှင့် အလှူရှင်များက ငွေကျပ် ၇၈ သိန်း ပေးအပ်လှူဒါန်းကြပြီး ဝန်ကြီးက ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ကာ အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အလက(၃) စမ်းချောင်း မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၂၉

၁၉၈၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း စမ်းချောင်းမြို့နယ် အလက (၃) (ယခင်ကျောင်းဟောင်း) ၌ပညာသင်ကြားခဲ့သည့် ဆရာကြီး ဆရာမကြီးများအား ဧပြီလ ၅ ရက် နံနက် ၉ နာရီတွင် အလက(၃) စမ်းချောင်း(ဗဟိုလမ်း) ၌ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်မည်ဖြစ်ရာ လှူဒါန်းလိုပါက ဗိုလ်ကြီးအောင်မျိုးထွန်း(ပြင်ဦးလွင်) ဖုန်း-၀၉၂၀ ၂၅၁၂၂၊ တင်ထက်ကို ဖုန်း-၅၁၈၀၆၇၊ စောညီညီလင်း ဖုန်း - ၅၉၀၂၀၂၊ စိုးမင်းအေး ဖုန်း - ၀၉၅၀၀၅၂၀၄၊ အောင်သူ ဖုန်း-၅၀၃၄၅၄၊ အောင်ထွန်းဦး ဖုန်း-၀၉၅၀၆၇၄၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စက်မှုလယ်ယာစံပြစိုက်ပျိုးရေးစနစ် အထူးဇုန်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေစပါး စိုက်ခင်း၊ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ မိုးစပါးစိုက်ပျိုးရန် မြေကြိုတင်ပြုပြင်ထားမှု၊ ဆင်းနွယ်ရင်မျိုးစပါး စိုက်ပျိုးထားမှုနှင့် ရွှေဘို(၁) စပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယုဇနကုမ္ပဏီလီမိတက်၏ စပါး စိုက်ခင်းနှင့် ကုန်ထုတ်ပတ်လမ်း ဖောက်လုပ်ပြီးစီးမှု၊ ဆင်းရွှေလီကုမ္ပဏီလီမိတက်၏ စပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ရောက်ရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်(၂)အကွက်အမှတ်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

လုပ်ငန်းညှိနှိုင်း

ဆက်လက်၍ စက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေသည်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပံ့ပိုးညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နွေစပါးစိုက်ခင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၁)ရှိ ဒဂုံ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်၏ မျိုးစပါး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေဟိန်းထက်ကုမ္ပဏီလီမိတက်၊ Green Asia Co., Ltd.၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီလီမိတက်နှင့် အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်တို့သို့ ရောက်ရှိကာ ပင်မရေသွင်းမြောင်းနှင့် ရေထုတ်မြောင်းဖောက်လုပ်ပြီးစီးမှု၊ ကုန်ထုတ်လမ်းများဖောက်လုပ်ပြီးစီးမှု၊ မြေယာများ ကြိုတင်ပြင်ဆင်ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရေပေးဝေရေးစခန်းအမှတ်(၂) စီမံကိန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အနော်ရထာလမ်းရှိ မြို့နယ်စစ်မှုထမ်း ဟောင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့် (အငြိမ်းစား)က အမှာစကားပြောကြားသည်။

ထို့နောက် အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ၂၀၀၈ခုနှစ် စစ်မှုထမ်းဟောင်း (အဆင့်မြင့်နှင့် အခြားအဆင့်)စည်းရုံးရေးသင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များ၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များ၏ သားသမီးများနှင့် မြို့နယ် စာရင်းကိုင်တို့အား မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြု ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရေပေးဝေရေးစခန်းအမှတ်(၂) စီမံကိန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်း ရေးမှူးဦးကျော်စိုး လိုက်ပါလျက် ယမန်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရပ်ကွက်များသို့ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေ တိုးချဲ့ ဖြန့်ဝေပေးနိုင်ရေးအတွက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ၅၄-ရပ်ကွက် ရေပေးဝေရေးစခန်း အမှတ်(၂)စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန်သည် စီမံကိန်းလုပ်ငန်းခွင်တွင် လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေတွန်းစက်မော်တာ ပန့်များ တပ်ဆင်နေမှု၊ ရေဂါလန် တစ်သိန်းခွဲဆံ့ ရေစုကန် တည်ဆောက် နေမှု၊ သံခာတ်ဖယ်ရှားသည့် စနစ်နှင့် ရေစစ်ကန် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ တာဝန်ခံအင်ဂျင်နီယာ ဌာနခွဲမှူး ဦးမျိုးသိန်းတို့က လိုက်လံ ရှင်းလင်းပြသသည်။

အဆိုပါရေပေးဝေရေးစခန်း အမှတ် (၂)စီမံကိန်းသည် ၈၅ရာခိုင်နှုန်း ပြီးစီး နေပြီဖြစ်ရာ ဧပြီလအတွင်း ပြီးစီးပါက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ် ၅၄၊ ၅၅၊ ၁၉နှင့်၂၀ ရပ်ကွက်များသို့ လက်ရှိဖြန့်ဝေနေသည့် ရေအပြင် ကျန်းမာရေးနှင့် ညီညွတ်သော သောက် သုံးရေ တစ်နေ့လျှင် ရေဂါလန် ၁၀သိန်း ထပ်မံတိုးချဲ့ ဖြန့်ဝေပေးနိုင်မည်ဖြစ် သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၀၇-ရပ်ကွက်ရှိ ရေပေးဝေရေးစခန်း အမှတ် (၁)ကလည်း ၂၀၀၈ခုနှစ် နိုဝင်ဘာလ ကစတင်၍ အမှတ် ၅၆၊ ၅၇၊ ၇၀၊ ၇၁၊ ၇၂၊ ၁၀၄၊ ၁၀၅၊ ၁၀၆၊ ၁၀၇ ရပ်ကွက် များသို့ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေ တစ်နေ့လျှင် ရေဂါလန် ၁၀ သိန်းဖြန့်ဝေလျက်ရှိကြောင်း သိရှိရ သည်။ (၁၉)

အမှတ်စဉ်(၁/၈၄) ဒါရိုက်တာသင်တန်း ငွေရတုအထိမ်းအမှတ် အခမ်းအနားနှင့် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

အမှတ်စဉ်(၁/၈၄) ဒါရိုက်တာ သင်တန်း ငွေရတုအထိမ်းအမှတ် အခမ်းအနားနှင့် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပရာ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းပို့ချခဲ့သော ဆရာကြီးများ၊ သင်တန်းကြီးကြပ်မှု ကော်မတီဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများစုံလင်စွာ တက်ရောက် ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူး အဖြစ် အကယ်ဒမီခင်လေးသိမ့် (ဇာတ်ညွှန်း)က ဆောင်ရွက်ပြီး အခမ်းအနားဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒါရိုက်တာ အကယ်ဒမီစင်ရော် မောင်မောင်က အခမ်းအနားကျင်းပ ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း တင်ပြသည်။

ထို့နောက် သင်တန်းပို့ချခဲ့သော ဆရာဦးတင်ယု၊ ဆရာဦးမောင်မောင်ခင်၊ ဆရာဦးမြင့်သိန်းဖေ၊ ဆရာဦးဝင်းမောင် နှင့် သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆရာဦးစိုးရွှေတို့က ဆုံးမသြဝါဒစကား ချီးမြှင့်ခဲ့ကြပြီး သင်တန်းသား၊ သင်တန်းသူများက ဆရာကြီးများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်စဉ်(၁/၈၄) ဒါရိုက်တာ သင်တန်း ငွေရတုအထိမ်းအမှတ် အခမ်းအနားနှင့် အာစရိယပူဇော်ပွဲ ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့အတွက် ခေတ်မီ မီးသတ်ယာဉ်တစ်စီး ပေးအပ်

ရန်ကုန် မတ် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မတ် ၂၁ ရက်တွင် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ အထက်မြန်မာပြည်ကွပ်ကဲရေးမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နှင့် သီပေါမြို့သို့ရောက်ရှိပြီး သီပေါမြို့ မီးသတ်စခန်းသစ် တည်ဆောက်မည့် မြေနေရာ၊ မီးသတ်စက်/ယာဉ်များနှင့် ဝန်ထမ်းအင်အား အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မတ် ၂၂ ရက်တွင် နမ့်ဆန်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့တက်ရောက်ပြီးအမှာစကား ပြောကြားသည်။ ဝန်ကြီးသည် နမ့်ဆန်မြို့အတွက်ခေတ်မီ မီးသတ်ယာဉ်တစ်စီး လွှဲပြောင်းပေးအပ်ကာ **(အောက်ပုံ)** ကွမ်ဟယ်ကျေးရွာ မီးဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပြီး ကွမ်ဟယ်ကျေးရွာ ရေရရှိရေးအတွက် အလှူငွေကျပ် ၁၅ သိန်း လှူဒါန်းသည်။

ဆိုင်ရာများ၊ ဒေသခံ လက်ဖက်စိုက် တောင်သူကြီးများ၊ လက်ဖက်လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံလျက် မြို့ဖွံ့ဖြိုးရေး၊ ခေတ်မီလက်ဖက်စိုက်ပျိုးမှုနည်းစနစ်များ၊ သစ်တောနှင့် မြေဆီလွှာပြုန်းတီးမှု ကာကွယ်ရန်များ မှာကြားခဲ့ပြီး လက်ဖက်စိုက် တောင်သူကြီးများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တကျ ရေသိုလှောင်ထားရှိမှုနှင့် ရေစစ်ကန်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ကျောက်မဲမြို့နယ် အစည်းအဝေးခန်းမ၌ ကျောက်မဲခရိုင်လက်ဖက်စိုက်တောင်သူကြီးများ၊လက်ဖက်ကုန်သည်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း၍ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် နမ့်ဆန်မြို့ မီးသတ်စခန်းဟောင်းမှ မီးသတ်ယာဉ်နှင့် စက်များ၊ ဝန်ထမ်းအင်အား အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ အသစ်ဆောက်လုပ်မည့် နမ့်ဆန်မြို့ မီးသတ်စခန်းသစ် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် နမ့်ဆန်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာန

ဝန်ကြီးသည် နမ့်ဆန်မြို့ ရေဂါလန် ၁၂၀၀၀၀ ဆံ့ မြို့ရေပေးဝေရေး သိုလှောင်ကန် (ဇယန်းကြီး)မှ ရေဖြန့်ဖြူးမှု၊ ရေပိုက်လိုင်းများ သွယ်တန်းမှု၊ စနစ်

မှာကြား

ဝန်ကြီးသည် မတ် ၂၄ ရက်တွင် ပြင်ဦးလွင်မြို့ ခေတ်မီအဆင့်မြင့် မီးသတ်စခန်းအဆောက်အအုံသစ်မှ မီးသတ်ယာဉ်များသို့ လွယ်ကူလျင်မြန်စွာ ရေဖြည့်တင်းနိုင်မှု၊ လာမည့် ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟိုမီးသတ် သင်တန်းကျောင်း (ပြင်ဦးလွင်) အထူးအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး ဦးသောင်ဇင်က ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းများ လျာထားချက်နှင့်အညီ ဖွင့်လှစ်ပို့ချနိုင်မှု၊ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားပေးမှု၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

❀ မိုဘိုင်းဖုန်းမှ

နည်းပညာကို အသုံးပြုမည်ဖြစ်သည်။ အေ့စ်ထရက် ကုမ္ပဏီသည် ရုပ်ရှင်ထုတ်လုပ်ရေး စတူဒီယိုများ၊ တေးဂီတထုတ်လုပ်ရေးကုမ္ပဏီများနှင့် မူပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်များကို ချုပ်ဆိုထားသည်။

မိုဘိုင်းဖုန်းဖြင့် ရုပ်ရှင်ကြည့်လိုသူများသည် ရုပ်ရှင်ဇာတ်ကားငှားရမ်းခအဖြစ် ၂၄ နာရီလျှင် ၂ဒသမ ၄၉ ပေါင် (၃ဒသမ ၅၅ဒေါ်လာ)နှုန်း ပေးချေရမည်ဖြစ်သည်။ သို့မဟုတ် ရုပ်ရှင်ဇာတ်ကား တစ်ကားလျှင် ၄ ဒသမ ၉၉ ပေါင် နှုန်းဖြင့် ဝယ်ယူနိုင်သည်။

အင်တာနက်။

ပဲနီလေးစိုက်ခင်း

ကလေးလွင်ပြင်တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပဲနီလေးစိုက်ခင်းများကို တွေ့ရစဉ်။

✻ ကျောဖုံးမှ

ကလေးလွင်ပြင်သည်တောင်မြောက် ရှည်လျားကျယ်ဝန်းသော လွင်ပြင်ဖြစ်သည်။ မြစ်သာနှင့် မဏိပူရမြစ်နှစ်သွယ် ပေါင်းဆုံစီးဆင်းလာသော မြစ်သာမြစ်သည် ကလေးမြို့နယ် ကျီကုန်းရွာ အထက်နားတွင် ချင်းပြည်နယ် တီးတိန်မြို့နယ်မှ စီးဆင်းလာသော နေရဥ္စရာမြစ်နှင့် ပေါင်းဆုံစီးဆင်းပြန်သည်။ “မြစ်သာ၊ မဏိပူရ၊ နေရဥ္စရာ” မြစ်သုံးသွယ်သည် ကလေးလွင်ပြင်ကို ဖွံ့ဖြိုးစေပါ၏။ တိုးတက်စေပါ၏။ သဘာဝမြေဆီဩဇာများကို နှစ်စဉ်ပို့ချပေးနေသဖြင့်လယ်ယာကိုင်းကျွန်းများ ပေါကြွယ်ဝစေပါ၏။ ထွက်ကုန်တိုးစေပါ၏။

ထိုမြစ်သုံးသွယ်၏ ကျေးဇူးကြောင့် ကလေးမြို့နယ်ရှိ ကလေးလွင်ပြင်တွင် လယ်ဧကပေါင်း ရှစ်သောင်းကျော် စိုက်ပျိုးနိုင်၏။ နှစ်စဉ် စပါးတင်း ၅၂ သိန်းကျော် ထွက်ရှိ၏။ ယာမြေ ဧကပေါင်း ငါးသောင်းကျော်ရှိရာ ဆီထွက်ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းပါ၏။ နှစ်စဉ် စားတော်ပဲတင်း သုံးသိန်းကျော်၊ပဲနီလေးတင်း သိန်း ၃၀ ကျော်နှင့် နှမ်းတင်း နှစ်သိန်း၊ ပြောင်းဖူးတင်း တစ်သိန်း၊ မြေပဲတင်း ငါးသိန်းကျော် ဖြစ်ထွန်းအောင်မြင်စေပါ၏။

ကလေးလွင်ပြင်တွင် မြစ်သာမြစ်သည် အရှည်ဆုံးဖြစ်ရာ ကလေးဒေသကို များစွာအကျိုးပြုသည်။ ကလေးနယ်ရှိ မြစ်သာမြစ်သည် ဧရာဝတီ၊ ချင်းတွင်းမြစ်တို့နှင့်မတူဘဲ တောင်မှ မြောက်သို့ ပြောင်းပြန်စီးဆင်းနေသည်က ထူးခြားသည်။ တောင်ဖီလာတောင်သည်လည်း ကလေးလွင်ပြင်တွင် အနောက်မှအရှေ့သို့ ကန့်လန့်ဖီလာ တည်ရှိနေသည်။ ဤသည်မှာ ကလေးလွင်ပြင်ဒေသ၏ ထူးခြားချက်ပင်ဖြစ်သည်။

ကလေးသားတို့သည် ဒေသဖွံ့ဖြိုးလာမှုနှင့်အတူ အပြိုင်းအရိုင်း စီးပွားဖြစ်ထွန်းလာကြသဖြင့် ကား တဝီဝီ၊ ဆိုင်ကယ် တတီတီ၊ အုတ်တိုက် တဖွေးဖွေးဖြင့် လူနေမှုအဆင့် မြင့်မားလာကြသည်။

နေရဥ္စရာမြစ်မှ ရာဇဂြိုဟ်ရေလှောင်တမံ၊ မဏိပူရမြစ်မှ မဏိပူရရေလှောင်တမံတို့ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးလျက်ရှိပြန်ရာ လယ်ဧကများစွာကို အကျိုးပြုမည့် မြေသယံဇာတ၊ ရေသယံဇာတများ ပေါ်ထွန်းလာဦးမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်နှစ်သွယ် ဖြတ်သန်းစီးဆင်းနေသော ကလေးလွင်ပြင်ရှိ နုန်းတင်မြေနုကျွန်းများပေါ်တွင် နှစ်စဉ် စိုက်ပျိုးဖြစ်ထွန်းနေသော ဂေါ်ဖီစိုက်ခင်းများကို တွေ့ရစဉ်။

ကလေးလွင်ပြင်၏ အနောက်ဘက်တွင် ရှည်လျားမြင့်မားသော ချင်းတောင်တန်းကြီး၊ အရှေ့ဘက်တွင် ပုံတောင်ပုံညာအဆက် ကိဗ္ဗကုဋ္ဌတောင်တန်းကြီးတို့ရှိရာ ထိုတောင်တန်းကြီးနှစ်သွယ်ကြားတွင် ကျေးရွာပေါင်း ၁၆၀၊ လူဦးရေပေါင်း သုံးသိန်းကျော် နေထိုင်လျက်ရှိသည်။ တောင်တန်းကြီးနှစ်သွယ်ပေါ်မှ သစ်ဝါးများစွာသည် နိုင်ငံတော်နှင့် ကလေးနယ်ကိုများစွာ အကျိုးပြု၏။ တောင်တန်းနှစ်သွယ်တွင် သစ်ဝါးများပေါများရာ အဖိုးတန်ကျွန်းသစ်များ ပေါက်ရောက်သည့် သစ်တောကြိုးဝိုင်း ဧရိယာမှာ ၃၈၄ ဒသမ ၇၂ စတုရန်းမိုင်ရှိပြီး ကြိုးပြင်ပသစ်တောဧရိယာမှာ ၁၅၇ ဒသမ ၃၈ စတုရန်းမိုင် ရှိသည်။

အမြဲစိမ်းလန်းနေသော တောင်တန်းကြီးနှစ်သွယ်ရှိသဖြင့် မြစ်ချောင်း ပေါများသည်။ မြစ်ချောင်းပေါ၍ ရေသယံဇာတပေါသည်။ စိုက်ရေ ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းသည်။ ရာသီမရွေး စားသုံးသီးနှံ စိုက်ပျိုးနိုင်သည်။ ပူအိုက်စွတ်စိုသော ဥတုရှိသည်။ စီးပွားဖြစ်သီးနှံအဖြစ် စပါး၊ ပဲအမျိုးမျိုး၊ နှမ်း၊ မြေပဲနှင့် ငှက်ပျောတို့ စိုက်ပျိုးသည်။ စပါး၊ စားတော်ပဲနှင့် ပဲနီလေးကို အများဆုံးစိုက်ပျိုးကြသည်။ ထို့ကြောင့် ကလေးလွင်ပြင်သည် မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသော နယ်မြေဟု ဆိုရမည်ဖြစ်၏။ ယခုအခါ လူဦးရေ သုံးသိန်း ငါးသောင်းကျော် နေထိုင်လျက်ရှိသည်။ ယခင်စပါး တင်း ၁၇သိန်းကျော်သာထွက်ရှိခဲ့ရာမှယခုအခါ တင်း ၅၂ သိန်းကျော် ထွက်ရှိလာသည်။

ကလေးလွင်ပြင်သည် ကျယ်ဝန်း၍ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းသဖြင့် မကွေးတိုင်းရှိ ပေါက်၊ မြိုင်၊ ဆော၊ ဂန့်ဂေါ၊ ထီးလင်းမြို့နယ်များမှ လည်းကောင်း၊ စစ်ကိုင်းတိုင်းရှိ ဆားလင်းကြီး၊ မုံရွာ၊ တန့်ဆည်၊ကျောက္ကာနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ဒေသများမှ လည်းကောင်း၊ ချင်းပြည်နယ် မြောက်ပိုင်းရှိ ဖလမ်း၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်မြို့နယ်များမှ လည်းကောင်း ကလေးနယ်သို့ လာရောက်စိုက်ပျိုးရေး လုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်လျက်ရှိသည်။

ကလေးလွင်ပြင်ရှိ ကလေးဒေသသည် ရေခံမြေခံကောင်းခြင်း သဘာဝသယံဇာတများနှင့် မြစ်ချောင်း၊ တောတောင် ပေါများခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် တစ်နေ့တခြား တိုးတက်စည်ကား သာယာဝပြောလျက်ရှိသည်။ ယခင်ကာလက မထင်မရှားရှိခဲ့သော ကလေးမြို့သည် ယခုအခါ ဇီးချောင်းရေအားလျှပ်စစ်၊ တယ်လီဖုန်း၊ ရုပ်မြင်သံကြား၊ ခုတင် ၂၀၀ဆံ့ဆေးရုံ၊ ကိုယ်ပွားသတင်းစာတိုက်၊ ကလေးတက္ကသိုလ်၊ ကလေးနည်းပညာတက္ကသိုလ်၊ ကလေးကွန်ပျူတာတက္ကသိုလ်၊ ကလေးလေဆိပ်၊ ကလေး-ဂန့်ဂေါရထားဘူတာ၊ အဝေးပြေးကားဂိတ် စသည့် မြို့ပြတစ်ခု၏ ဂုဏ်အင်္ဂါရပ်များဖြင့် ဖွံ့ဖြိုးတိုးတက်စည်ပင်လျက်ရှိပါကြောင်း ရေးသား တင်ပြလိုက်ပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ "ဝိသုဒ္ဓိဒါန(၄)ပါး" တရားတော်
(အောင်စကြာဆရာတော်အရှင်စန္ဒသိရီ)
၇း၅၀ - ၁း၅၀ ရွှေရောင်ခရီးစဉ်များ (Aureum Palace Hotel, Bagan)
၈း၂၀ - ၂း၂၀ နိုင်ငံတကာအနုပညာရေးရာ
၈း၄၀ - ၂း၄၀ နွေဦး၏ ဓမ္မသံစဉ်များနှင့်အတူ လိမ္မာယဉ်ကျေးဗုဒ္ဓ၏ ကလေးများ
၈း၅၅ - ၂း၅၅ Biz Net
၉း၀၅ - ၃း၀၅ တေးဂီတအစီအစဉ်
၉း၁၀ - ၃း၁၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀ မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၉း၃၅ - ၃း၃၅ လှပသစ်ဆန်းအလှပြင်ခန်း
(G-Six Hair & Beauty Spa)
၉း၅၅ - ၃း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၀း၁၀ - ၄း၁၀ တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅ မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀ Yangon Panorama
(သီချင်းရှင်ရဲ့ခရီးစဉ်စာနယ်ဇင်းရှင်းလင်းပွဲ)
၁၀း၄၀ - ၄း၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀ ဟူးကောင်းချိုင့်ဝှမ်းမှဆင်သုတေသနလုပ်ငန်း
၁၁း၁၅ - ၅း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ
(ဆီးကျောက်တည်ခြင်းအကြောင်းအရင်း)
(ပါမောက္ခဒေါက်တာဦးတိုးလွင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁း၄၅ - ၅း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀ SPLENDOUR FLORAL ဒဏ္ဍာရီထဲကချစ်ပုံပြင်
၁၂း၀၅ - ၆း၀၅ ဘဝများ
(တေးသံရှင် Rဇာနည်ရဲ့တေးသံရှင်ဘဝအကြောင်း)
၁၂း၃၅ - ၆း၃၅ အမွှန်မြတ်ဆုံးလက်ဆောင်
[နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ](ဒါရိုက်တာ-မောင်မောင်မြင့်)
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယနေ့ မီးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေး လုံခြုံရေးဖြစ်သည်

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး အရာတော်မြို့နယ် ရေလျှံတွင်းမှ ရေထွက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၉

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ရေလျှံတွင်းအမှတ်(၂၇)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေလျှံတွင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးသည် ရေလျှံတွင်းမှ ရေထွက်ရှိမှုအခြေအနေ၊ရပ်ကွက်နေပြည်သူများအား ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

အဆိုပါ ရေလျှံတွင်းအမှတ်(၂၇)ကို ဖေဖော်ဝါရီ ၂၃ ရက်မှ စတင်တူးဖော်ခဲ့ပြီး မတ် ၁၇ ရက်တွင် ပြီးစီး၍ ရေစတင်ပေးဝေနိုင်ခဲ့ပြီး တွင်းအမျိုးအစားမှာ ကျောက်စရစ်ရံတွင်းအမျိုးအစားဖြစ်သည်။ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၉၃၀၀ ထွက်ရှိပြီး စုစုပေါင်းကုန်ကျငွေမှာ ငွေကျပ် ၄၇ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂၉

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စိန်ရတုခန်းမ၌ ကျင်းပရာ သဘာပတိ ရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်က အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့က ၂၀၀၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များ အတည်ပြုမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိ ရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု

တိုင်းကျိုးပြည်ပြုအထူးပြပွဲနှင့်ပန်းရောယဉ်ကျေးမှု ပန်းချီပြပွဲ၊ ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၉

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ကြီးမှူးကျင်းပသော တိုင်းကျိုးပြည်ပြုအထူးပြပွဲနှင့် ပန်းရောယဉ်ကျေးမှုပန်းချီပြပွဲ၊ ပြိုင်ပွဲကို မတ် ၁၆ ရက်က ပုသိမ်မြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်၌ ကျင်းပရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန တိုင်းဦးစီးအရာရှိ ဒေါ်သီတာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယတိုင်းမှူး၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်းနှင့် တာဝန်ရှိသူတို့က တိုင်းကျိုးပြည်ပြု အထူးပြပွဲခေတ်ပုံမှတ်တမ်းများနှင့် ပန်းရောပန်းချီပြိုင်ပွဲဝင် အမှတ်(၂)အထက ပဉ္စမတန်း(A)မှ မလင်းလက်လက်လွင်၊ မယွန်းဝတီမြတ်တို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (၅၅၂)

ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုစစ်ဆေး

ရန်ကုန် မတ် ၂၉

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော မန်းစက္ကူ-ကွင်းချောက်-သာယာကုန်းကျေးရွာချင်းဆက်လမ်း အရှည်ပေ ၈၂၀၀ ဖောက်လုပ်မှုလုပ်ငန်းခွင်သို့ မတ် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

KMD Sales & Service Centre မှ PROLiNK LCD Monitor များ စတင်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၉

ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သော PROLiNK LCD Monitor များကို KMD Sales & Service Centre မှ မြန်မာပြည်၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံ၌ စတင်ဖြန့်ချိရောင်းချပေးမည့်အကြောင်း မိတ်ဆက်ပွဲ အခမ်းအနားကို မတ် ၂၁ရက်တွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် KMD Computer Group ၏ Chairman & CEO ဦးသောင်းတင်**(ယာပုံ)** ကကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး PROLiNK Product များကို တာဝန်ယူထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသော Fida International Pte Ltd မှ General Manager, Mr. Jack Haung နှင့် Senior Sales Manager Mr. Samuel Han တို့က PROLiNK Product များအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် Mr. Jack Haung က KMD Sales & Service Centre အား မြန်မာနိုင်ငံ၌ PROLiNK Product များကို တာဝန်ယူဖြန့်ချိပေးမည့်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုသည့် Authorised Distributorနှင့် PROLiNK Product များအတွက် သတ်မှတ်ထားသော Standard အတိုင်းဝန်ဆောင်မှုပေးမည့် Authorised Service Centre အဖြစ် အသိအမှတ်ပြု လက်မှတ်များကိုပေးအပ်သည်။

PROLiNKအမှတ်တံဆိပ်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ၁၉၉၁ခုနှစ်မှစ၍ ထုတ်လုပ်ဖြန့်ချိခဲ့ပြီး သုံးစွဲသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် အမြဲတီထွင်ဆန်းသစ်နေသည်သာမက ဈေးနှုန်းချိုသာအောင် ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှုအတွက်အသိအမှတ်ပြု လက်မှတ်ဖြစ်သော ISO 9001 Quality Certificate ကို ၁၉၉၉ခုနှစ်က ရရှိထားကြောင်း သိရသည်။

PROLiNK LCD Monitorsများကို 3 years parts & service warranty (LCD panel-1year parts warranty)ဖြင့်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူအားပေးသူများကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဝယ်ယူသူတိုင်းအား ကံစမ်းမဲလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပြီး ကံထူးရှင်များကို အောက်တိုဘာလတွင် ကြေညာကာ ဆုမဲများကို အခမ်းအနားဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဆုမဲများအနေဖြင့် ပထမဆု ၃၂ လက်မ PROLiNK LCD TV၊ဒုတိယဆု ၂၂လက်မ PROLiNK LCD Monitor၊ တတိယဆု ၁၉ လက်မ PROLiNK LCD Monitor၊ စတုတ္ထဆု ၁၇လက်မ PROLiNK LCD Monitorနှင့် ပဉ္စမဆု ၁၆လက်မ PROLiNK LCD Monitorတို့ ဖြစ်ကြောင်း၊ PROLiNK LCD Monitorများသာမက အခြားကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို KMD Sales & Service Centre မှ တစ်ဦးတည်းကိုယ်စားလှယ်အနေဖြင့် ဖြန့်ချိရောင်းချပေးသွားမည်ဖြစ်ကြောင်း အသေးစိတ်သိရှိလိုပါက KMD Sales & Service Centre အမှတ် ၅၅၀-၅၅၂၊ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၄၀၇၁၊ ၂၄၅၁၈၀၊ ၃၈၄၁၀၉၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၃-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မှုရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၁၈)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကိုတ်မုန့်ချစ်သူ (အပိုင်း-၉)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

တံတားစစ်ဆေး

ရန်ကုန် မတ် ၂၉

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောက်လုပ်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၂)၊ (ဌက်ပျောတော-ဆင်တွင်း) လမ်းပိုင်းပေါ်ရှိ ကဒတ်ချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းကို မတ် ၁ရက်တွင် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ နေထက်ရှိန်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ကတ္တရာလမ်းသစ်ဖွင့် ထပ်ပိုးလွှာခင်း

ရန်ကုန် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်ခဲ့သော စကားဝါလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို

မတ် ၂၃ ရက်တွင် အဆိုပါလမ်း မုခ်ဦး၌ ကျင်းပရာ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးရင်ဟုတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)** ကတ္တရာလမ်းသစ်သည် ကတ္တရာခင်းခြင်း အရှည်ပေ ၁၈၀၀ နှင့် ထပ်ပိုးလွှာခင်းခြင်း အရှည်ပေ ၁၀၀၀ ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

စစ်ကိုင်းခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မတ် ၂၄ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့သို့ရောက်ရှိပြီး ရပ်ကွက်ကြီး (၃)ရှိ ပန်းခြံရေထွက်မှ မြို့ပေါ်နေ ပြည်သူများအား ရေပေးဝေလျက်ရှိသည့် ရေထွက်ကန်နှင့် ရေစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပျိုးဥယျာဉ်၌ ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှု၊ အမှိုက်မှ သဘာဝမြေဩဇာထုတ်လုပ်သုံးစွဲမှု၊ မျိုးစေ့ထုတ်ယူရရှိမှုနှင့် ပြင်ဦးလွင်မြို့တွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မတ် ၂၅ ရက်တွင် စစ်ကိုင်းမြို့၌ ကျင်းပသည့် စစ်ကိုင်းခရိုင် ခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက စစ်ကိုင်းတိုင်း အတွင်းရှိ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မကျီးစင်ကျေးရွာမှ ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်း ကြိုးမဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၅)ယာဉ်ထိန်းနယ်မြေမှ ဒုရဲအုပ် ကြည်မင်းထွေးနှင့် အဖွဲ့သည် မတ် ၉ရက် နံနက် ၁၀နာရီတွင် မထသ(၅၆) ယာဉ်လိုင်းဂိတ်ရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအားလည်းကောင်း၊ ဒုရဲအုပ် ဆန်းညွှန့်ဦးနှင့် အဖွဲ့သည် မထသ(၄၈)မီနီဘတ်စ်ယာဉ်လိုင်းဂိတ်ရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအားလည်းကောင်း၊ ဒုရဲအုပ် အောင်နိုင်အေးနှင့် အဖွဲ့သည် အနောက်ပိုင်းခရိုင်(၉၆)ဒိုင်နာယာဉ်လိုင်းဂိတ်ရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် များအားလည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကွင်းဆင်း အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(ကြေးမုံ)

တာမွေမြို့နယ် စာဆိုတော်နေ့နှင့် လုပ်ငန်းဆိုင်ရာ အစည်းအဝေး

ရန်ကုန် မတ် ၂၉

တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့အခမ်းအနားနှင့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေး ကို ယနေ့ နံနက် ၉နာရီခွဲတွင် တာမွေမြို့နယ် သင်္ဂဟလမ်း အမှတ်(၉)၌ ကျင်းပရာ သဘာပတိအဖြစ် သက်ကြီးကန်တော့ခံ စာပေပညာရှင် ဦးမောင်ကလေး (သောကြာ ဦးမောင်ကလေး)က ဆောင်ရွက်ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်ဆွေ (ရွှေစွန်ညို)၊ တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်) တို့က အမှာစကား ပြောကြားကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌမှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနေလင်း (လူနေလင်း) က ဖတ်ကြားပြီး စတုတ္ထအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံများကို မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင်)က ရှင်းလင်းတင်ပြကာ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှဌေး(ကိုတူး-အညာမြေ)က ဖတ်ကြားအတည်ပြုပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု မြိတ်မြို့ ကန်ဖျားရပ် ဘုရားကိုးဆူလမ်းကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် မတ် ၂၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော ဘုရားကိုးဆူလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ မြို့နယ်အမှုဆောင်အရာရှိ ဦးစိုးညွှန့်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစံရည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျား ပေ ၁၈၀၀၊ အကျယ် ၁၂ပေရှိ ကတ္တရာ လမ်းအမျိုးအစားဖြစ်ပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကတ္တရာနှစ်တန် ကူညီပံ့ပိုးပေးကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၆၀ ဒသမ ၃၆သိန်းနှင့်ပြည်သူလူထုက ၅၈ဒသမ ၇၅သိန်း စုစုပေါင်း ၂၃၁သိန်း အကုန်ကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၈ ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ရွာသစ်-ပဒက်ကျေးလက်ကျောက် ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက် နေမှုများကို မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ဒု-ရဲမှူးဝင်းနောင်၊ အမှုဆောင်အရာရှိ ဦးမျိုးလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မီးငြိမ်းသတ်မှု ဇာတ်တိုက် လေ့ကျင့်

ကနီ မတ် ၂၀

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း မတ် ၂ ရက်က မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် စည်ပင် ဝန်ထမ်းများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု ဇာတ်တိုက် လေ့ကျင့်ခြင်းအား တာဝန်ခံ အင်ဂျင် နီယာ ဦးကျော်ဆိုင် ကြီးကြပ်ဆောင် ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ရာအိမ်မှူးသင်တန်း ဖွင့်ပွဲကို မတ် ၂၉ ရက်က အထက(၁)ပတ္တမြားခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်း သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (၅၂၇)

(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်စစ်သမိုင်းပြတိုက် (ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၉ မှ ၄-၄-၂၀၀၉)

(ရဟန်းရှင်လူပြည်သူများအား အခမဲ့ဖွင့်လှစ်ပြသသွားပါမည်)

နွေရာသီ ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၂၉

၂၀၀၉ ခုနှစ် နွေရာသီ ဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဘတ်စကက်ဘောဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ အသက် ၁၄ နှစ်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၊ အသက် ၁၆ နှစ်အောက် အမျိုးသား အမျိုးအမီး ဘတ်စကက်ဘောပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူအသီးသီး က လည်းကောင်း၊ အသက် ၁၄ နှစ်အောက် အကောင်းဆုံး အားကစားသမား ဆုရ မအေးမြတ်သန္တာထွန်းနှင့် မောင်လွင်ပိုင်ဖြိုး၊ အသက် ၁၆ နှစ်အောက် အကောင်းဆုံး အားကစားသမားဆုရ မယုမမအောင်နှင့် မောင်စိုးသီဟသိန်းတို့အား ရွှေသံလွင် ကုမ္ပဏီနာယကကြီး ဒေါ်နီကလည်းကောင်း၊ အသက် ၁၄ နှစ်အောက်နှင့် အသက် ၁၆ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲများတွင် တံခွန်စိုက်ဆုရရှိသော အသင်းများအား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း **(အပေါ်ပုံ)**က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(အား/ကာ)

အိမ်မဲမြို့ ကြို့ကုန်း အထက(ခွဲ)မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၉

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ အထက(ခွဲ)မှ သက်ပြည့် အငြိမ်းစားယူခဲ့ကြသည့် ဆရာ၊ ဆရာမကြီးများအား ပထမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ အထက(ခွဲ) မြတ်လေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြပါရန် ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားပြီး အလှူငွေများ ထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလွင်လွင်၊ ဦးတင်မော်စန်း၊ ဖုန်း-၀၉၈၅၇၂၇၅၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၉။ International News
- ၈း၄၀ ၁၀။ စေတနာပန်းများဖူးပွင့်ဝေစည် ငွေတောင်ပြည်
- ၈း၅၀ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ အကပဒေသာ
- ၄း၃၀ ၄။ တီးကွက်ညီညာညွှန့်သံသာ
- ၄း၄၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ် ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄း၅၀ ၆။ နွေအတွက် စိုက်ပျိုးရေမခက် အလင်းပါဆောင် (ခပေါင်းရေလှောင်တမံ)
- ၅း၀၀ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံ ကြားသင်ခန်းစာ တတိယနှစ် (ရသစာပေအရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၅း၁၅ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေးတေးများ
- ၅း၂၅ ၉။ တေးဂီတအစီအစဉ်
- ၅း၃၅ ၁၀။ မြန်မာစာ၊ မြန်မာစကား
- ၅း၅၀ ၁၁။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၅ ၁၅။ တေးဂီတအစီအစဉ်
- ၇း၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ" (အပိုင်း-၂၂)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ပြည်သူ့အတွက်တပ်မတော် (နယ်စပ်စည်ပင်၊ ဆက်သွယ်ရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု)
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သံစဉ်" (အပိုင်း-၄)**
- ၂၂။ အစီအစဉ်ပြီး၏။

သီးနှံစုံစိုက်ပျိုး ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကလေးလွင်ပြင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ကလေး-ဝင်းသူ

ကလေးမြို့နယ် နတ်ချောင်းရွာအနောက်ဘက်ရှိ ဝေဘူလ တောင်ထိပ်ပေါ်သို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ရန် စာရေးသူ သွားရောက်ခဲ့သည်။ တောင်ထိပ်ပေါ်မှနေ၍ ကလေးမြို့နယ် တစ်ဆုံး၊ ဂန့်ဂေါနယ်၊ မင်းကင်းနယ်၊ ချင်းတွင်းမြစ်အထိပင် မျက်စိ တစ်ဆုံး လှမ်းမြင်နေရသည်။

မြစ်သာမြစ်နှင့် မဏိပူရမြစ်တို့ ပေါင်းဆုံရာ မြစ်ဆုံကား လှပ ပါပေ၏။ မြစ်သာမြစ် မြွေလိမ်မြွေကောက် ဖြတ်သန်းစီးဆင်းနေ သော ကလေးလွင်ပြင်သည်လည်း မျှော်၍မဆုံး၊ ကြည့်၍မဝ လှပ ပါပေ၏။

နတ်ချောင်း၊ နတ်မြောင်း အရှေ့ဘက်တွင် ဝလုံးသဏ္ဌာန် နှစ်ကြိမ် ရစ်ခွေစီးဆင်းနေသော မြစ်သာမြစ်၊ ဂန့်ဂေါမြို့နယ်မှ စီးဆင်းလာသည့်မြစ်သာမြစ်၊ ချင်းပြည်နယ်မှ စီးဆင်းလာသော မဏိပူရမြစ်၊ ထိုမြစ်နှစ်သွယ်တို့ဆုံရာ အရှေ့စည်းရွာနားက မြစ်ဆုံ၊ မြစ်၏ဟိုမှာဘက်တွင် အဖိုးတန်ကျွန်းသစ်များ ပေါက်ရောက်ရာ ပုံတောင်ပုံညာ တောင်ကြောကြီး၏အဆက် ကိဖျူကုဋ်တောင်၊ နွားတောင်တို့ကား ရှုမငြီးစရာ၊ တောင်၏အောက်က ကလေးမြို့ ရှုခင်း၊ ကလေးမြို့မှ တောင်ဘက်သို့ ဆက်မျှော်ကြည့်လိုက်သော် ကလေး - ဂန့်ဂေါ ရထားလမ်းကြီးနှင့် ထိုလမ်းကြီးပေါ်တွင် ခုတ်မောင်းနေသော ရထားကို မြင်တွေ့ရ၏။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳

ဒေသလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် အထောက် အကူပေးလျက်ရှိသည့် မြစ်သာမြစ်ကူး မြစ်သာတံတားကို တွေ့ရစဉ်။

ကြေးမုံ The Mirror — အင် တာ နက် သ တင်း

မိုဘိုင်းဖုန်းဖြင့် ရုပ်ရှင်ကြည့်နိုင်ရန် ဝန်ဆောင်လုပ်ငန်း ဆမ်ဆောင်းကုမ္ပဏီဖွင့်လှစ်

လန်ဒန် မတ် ၂၉

တောင်ကိုရီးယားနိုင်ငံမှ ဆမ်ဆောင်း အီလက်ထရွန်နစ် ကုမ္ပဏီလီမိတက်သည် မိုဘိုင်းဖုန်းဖြင့် ရုပ်ရှင်ဇာတ်ကားများ သို့မဟုတ် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ကြည့်ရှုနိုင်မည့် ဝန်ဆောင်လုပ်ငန်းကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

ဖော်ပြ

ဆမ်ဆောင်းကုမ္ပဏီသည် ကမ္ဘာကျော်ရုပ်ရှင်ထုတ်လုပ်ရေး စတူဒီယိုများက ထုတ်လုပ်သော ရုပ်ရှင်ဇာတ်ကား ၅၀၀ ကို မိုဘိုင်း ဖုန်းဖြင့် ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း၊ ဆမ်ဆောင်း မှ ထုတ်လုပ်သော မိုဘိုင်းဖုန်းအသုံးပြုသူများသည် ရုပ်ရှင်ဇာတ်ကား များအား ငှားရမ်းခြင်း သို့မဟုတ် ဝယ်ယူခြင်းစနစ်ဖြင့် ရုပ်ရှင် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆမ်ဆောင်းကုမ္ပဏီသည် မိုဘိုင်းဖုန်းဖြင့် ရုပ်ရှင်ကြည့်နိုင်မည့် ဝန်ဆောင်လုပ်ငန်းကို ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့၌ စတင်လိုက်ပြီး ယခုနှစ်နှောင်းပိုင်းတွင် အခြား ဥရောပနိုင်ငံများသို့ ဈေးကွက်တိုးချဲ့ သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဆမ်ဆောင်းကထုတ်လုပ်သော မိုဘိုင်းဖုန်းဖြင့် ရုပ်ရှင်ကြည့်ရှု နိုင်မည့် အစီအစဉ်ကို တိုးချဲ့သွားမည်ဖြစ်ပြီး မိုဘိုင်းဖုန်းများအပြင် နုတ်ဘွတ်ခ်ကွန်ပျူတာများ၊ MP-3 နှင့် MP-4 သီချင်းဖွင့်စက်များ နှင့် ရုပ်မြင်သံကြားစက်များဖြင့်ပါ ကြည့်ရှုနိုင်လာမည်ဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။

"ဆမ်ဆောင်းရုပ်ရှင်"ဟု အမည်ပေးထားသော ဝန်ဆောင် လုပ်ငန်းသည် ဒီဂျစ်တယ်ရုပ်ရှင်ဇာတ်ကားများအား ဖြန့်ချိနေသော အေ့စ်ထရက် ကုမ္ပဏီ၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**

ရုပ်ရှင်ကြည့်ရှုနိုင်သော မိုဘိုင်းဖုန်းများကို ဆမ်ဆောင်း ကုမ္ပဏီဝန်ထမ်းများက သရုပ်ပြသစဉ်။

(ဓာတ်ပုံ-အင်တာနက်)

"ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကမ္ဘာလုံးလွှမ်းခြုံဖြစ်ပေါ်မှုအစဉ်မှ ကောင်းတာတွေကို လေ့လာရွေးချယ်ယူနိုင်ရမည်ဖြစ်သကဲ့သို့ ဆိုးတာတွေကိုလည်း မှတ်ယူ ဖယ်ရှားရှောင်ကြဉ် နိုင်ကြရမည်ဖြစ်...။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် အရေးအကြီးဆုံးအချက်မှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး "ကိုယ်ခံအား"ကောင်းနေကြရန် လိုအပ်မည်ဖြစ်...။ ဤနေရာ တွင် အဓိကဆိုလိုချင်သည်မှာ စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားဖြစ်..."

ကျော်ဦးဆွေ၏ ဆောင်းပါး

စာမျက်နှာ - ၆၊ ၇

ကြေးမုံ The Mirror — သတင်း အညွှန်း

နေပြည်တော် တပ်မတော် ပန်းခြံနှင့် ရင်ပြင်၌ ပြည်သူများ အပန်းဖြေ အနားယူ

(သတင်း) စာမျက်နှာ ၅

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စက်မှုလယ်ယာအထူးဇုန်(၁) အောင်မြင်ဖြစ်ထွန်း နွေစပါးစိုက်ခင်းစစ်ဆေး

(သတင်း) စာမျက်နှာ ၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ်ရှိ ရေလှို့တွင်းအမှတ် (၂၇) တစ်နာရီ ဂါလန် ၉၃၀၀ ထွက်ရှိ

(သတင်း) စာမျက်နှာ ၁၀

လူမှုဒုက္ခ ဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး